ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (29-5-2012)(၇၁၃၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် ရွှေနန်းတော်ဟိုတယ်မှ နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတအိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အိန္ဒိယသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

နှစ်နိုင်ငံအတွက် အကျိုးရှိစေမည့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မည်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်ရန် စိတ်အားထက်သန်

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလက်တွဲ၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလို

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၉-၅-၂၀၁၂[အင်္ဂါနေ့]။

စတော့ဈေးကွက်နှင့် မနေ့ဥစ္စာ

ယနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲလုပ်ဆောင်မှုများမှာ အားရဖွယ်ဖြစ်သည်။

တစ်ချိန်သောကာလက ထိုစနစ်များကို နိုင်ငံတကာအတွေ့အကြုံမှလည်း ထိထိရောက်ရောက်မယူ။ လက်တွေ့တွင်လည်း နည်းစနစ်ကျကျ ရေရှည်တည်တံ့အောင် မလုပ်ဆောင်နိုင်ခဲ့၍ ရှည်လျားသော ကာလဝယ် ကောင်းမွေ၊ ဆိုးမွေတို့ကို ပြည်သူတို့သာ ခါးစည်းခံခဲ့ကြရပါသည်။ အများပြည်သူအတွက် ထိရောက်သည့်စနစ်မှာ စီးပွားရေးဖြစ်သည်။ စီးပွားရေး မတည်ငြိမ်မှုကြောင့် ကုန်ဈေးနှုန်းဒဏ်ကို ခါးစည်းခံခဲ့ရသည်မှာ အထင်အရှားဖြစ်သည်။ တက်ရိပ်သာရှိပြီး ကျရိပ်မရှိသော ငွေကြေးနှင့် ကုန်ပစ္စည်းများမှာ စနစ်ကြောင့်လော၊ လူတစ်စုကြောင့်လော၊ လုပ်ငန်းကြောင့်လော ဟူ၍ ဝေဖန်ပြစ်တင်တတ်ကြသည်။

ယနေ့မူ ဈေးကွက်စီးပွားရေးစနစ်ကို ရုပ်လုံးပေါ်အောင် ပြုပြင်လုပ်ကိုင်လာသည်ကို တွေ့ရသည်။

ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးလုပ်ဆောင်မှုများမှာ သိသာထင်ရှားဖွယ်ဖြစ်သည်။ ငွေကြေးကဏ္ဍတွင် ကမ္ဘာ့အဖွဲ့အစည်းကြီးများဖြစ်သော အိုင်အမ်အက်ဖ်၊ အေဒီဘီတို့၏ လုပ်ဆောင်ချက်များသည် အတုယူရမည့် လုပ်ငန်းများဖြစ်သည်။ အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ်တို့ကလည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များရှိသည်။ လတ်တလောတွင် ၂၀၁၅ ခုနှစ်၌ စတော့ရှယ်ယာဈေးကွက် ပေါ်ထွန်းရေးအတွက် အားထုတ်လုပ်ဆောင်နေသည်ဟု သိရသည်။ မြန်မာနိုင်ငံအတွက် လိုအပ်နေသော စီးပွားရေးကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးခြင်းဖြစ်ရာ အကျိုးရှိမည့်လုပ်ဆောင်ချက်ဖြစ်သည်။

စတော့ရှယ်ယာဈေးကွက်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိကတွန်းအားတစ်ရပ်ဖြစ်သော ကာလရှည် အရင်းအနှီးများကို စုစည်းရာ၊ စီးဆင်းရာဈေးကွက်တစ်ခုပင်ဖြစ်သည်။ နိုင်ငံ၏နေအင်အားတောင့်တင်းလာစေမည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုကို ထင်ဟပ်စေသော ကြေးမုံပြင်လည်းဖြစ်သည်။

ထိုလုပ်ငန်းအကောင်အထည်ပေါ်လျှင် ရင်းနှီးမြှုပ်နှံလိုသူ အများပြည်သူတို့က ရှယ်ယာများ၊ ငွေချေးစာချုပ်များဝယ်ယူကာ အမြတ်ဝေစုအတိုးအညွှန့်ကို ခံစားနိုင်ကြသည်။ သို့သော် ဈေးကွက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သောအကာအကွယ်များ၊ အားပေးမှုများကို ပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စတော့ဈေးကွက်ကို ၁၉၉၀ ပြည့်လွန်နှစ်ကတည်းက ထူထောင်ရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

မြန်မာနိုင်ငံတွင် ယခုလက်ရှိအထိ ကျင့်သုံးနေသော ဈေးကွက်မှာ ပါးစပ်ဈေးကွက်သာဖြစ်သည်။ တက်ချင်သလိုတက်၊ ကျချင်သလိုကျ ဈေးကွက်သာဖြစ်သည်။ သို့ဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားခိုင်မာသော မျှခြေရှိသည့် စတော့ဈေးကွက် ပေါ်ထွန်းလာမည့်အခြေအနေကို ကြိုဆိုရမည်သာဖြစ်သည်။

သို့သော် ကျွန်ုပ်တို့၏အမူအကျင့်ဟောင်းများ မပျောက်သေးခြင်း၊ အတွေ့အကြုံမရှိခြင်းတို့အတွက်မူ သတိပြုဖို့လိုမည်။ အတွေ့အကြုံကို အတွေ့အကြုံရှိသူတို့ထံမှ ရယူရမည်ဖြစ်ပြီး အမူအကျင့်ဟောင်းကိုဖြင့် တိတိကျကျ ထိန်းကျောင်းဖို့တော့လိုမည်ဖြစ်သည်။ ရှယ်ယာဈေးကွက်များကို ကျွန်ုပ်တို့ ရုပ်ရှင်နှင့်တီဗွီထဲတွင်ပင် တွေ့ဖူးသည်။

တချို့ရုပ်ရှင်ထဲတွင် ပြိုင်ဘက်သူဌေးကို ပျက်စီးစေလိုသော အကြံဖြင့် ၎င်းပိုင်ဆိုင်သောရှယ်ယာများ ဈေးကွက်အတွင်း လိုက်လံဝယ်ယူသည့် အဖြစ်မျိုး၊ ဈေးနှုန်းများ ခုန်တက်သွားခြင်း၊ ထိုးကျသွားခြင်းမျိုး၊ ဈေးနှုန်းတက်ရိပ်ကို အဖွဲ့ဝင်တစ်ဦးဦးနှင့်နီးစပ်သဖြင့် မိမိဆွေမျိုးသားချင်းတစ်ဦးဦး၏ အမည်ဖြင့် ဈေးကွက်အတွင်း ရှယ်ယာများကို လိုက်ဝယ်ခြင်းမျိုး၊ ဖြစ်နိုင်ခြေမရှိသော အကျိုးအမြတ်များပေး၍ ဥပဒေလက်တစ်လုံးခြားလုပ်သည့် အလွဲသုံးစားပြုမှုမျိုးတို့ကို သတိပြုရမည်ဖြစ်သည်။ စောင့်ကြည့်ရမည်ဖြစ်သည်။ မည်သူ့မျက်နှာကိုမျှ မထောက်ဘဲ အရေးယူရမည်ဖြစ်သည်။

သို့မှသာ စတော့ရှယ်ယာဈေးကွက်အောင်မြင်မည်။ အများနှင့်သက်ဆိုင်သော လုပ်ငန်းများတိုးတက်လာမည်။ ဈေးကွက်အရိပ်ကို ခိုလှုံသော လုပ်ငန်းများ ထိန်းကျောင်းမှုကိုခံယူလာမည်။ အများပြည်သူတို့၏ငွေကြေးနှင့် အကျိုးစီးပွားများကို ကာကွယ်နိုင်မည်။ နိုင်ငံ၏နေဥစ္စာလည်း တိုးပွားလာမည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပခုက္ကူမြို့နယ်ရှိ ရွှေချောင်းတံတား အမှတ်(၁)အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် အထူးစီမံကိန်းကြီးအဖွဲ့(၁)က နေပြည်တော်-ပန်းတင် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုမ္ပဏီများက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံ/ညောင်ဦး လမ်းအပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရွှေချောင်းတံတား အမှတ်(၁)စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးအား အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက ယခင်တံတားဟောင်းသည် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အိုတူးဘီမုန်တိုင်းကြောင့် မကြုံစဖူး ထူးကဲစွာ တောင်ကျချောင်းရေတိုက်စား၍ ပျက်စီးခဲ့သဖြင့် အထူးစီမံကိန်းကြီး အဖွဲ့(၃)က တာဝန်ယူ၍ ရွှေချောင်းတံတား အမှတ်(၁)ကို ၇-၁-၂၀၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၆-၅-၂၀၁၂ ရက်အထိ လေးလနှင့် ၁၉ ရက်အတွင်း ၉၉ ဒသမ ၂ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရန် အချောသပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ တံတားဆိုင်ရာအချက်အလက်များနှင့် တံတားဖွင့်ပွဲ အခမ်းအနားကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားကြီးကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်ရန် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ အချောသပ်လုပ်ငန်းများကိုလည်း လက်ရာသေသေသပ်သပ်ဖြင့် ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရန်နှင့် တံတားကြီး တစ်ရက်စောပြီးလျှင် ပြည်သူများ တစ်ရက်စော၍ အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ကျန်ရှိသည့်လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ ရွှေချောင်းတံတား အမှတ်(၁) ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် တံတားအချောသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့သည်။

ရွှေချောင်းတံတားအမှတ်(၁)သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ပခုက္ကူမြို့အတွင်းတွင် တည်ရှိပြီး တံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါရှိ၍ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်၊ အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ ကုန်) ၇၅ တန် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး ခင် မောင် မြင့် ရွှေချောင်းတံတား အမှတ်(၁) ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား ရှိ မှု များ နှင့် တံတားအချောသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၅-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်	၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၁၅	ဓမ္မပူဇာတေး	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၄၀)**
၇း၂၀	မျိုးချစ်တပ်မတော်		
၇း၂၅	မြန်မာ့ရှုခင်း		
၈း၁၀	အမျိုးသားရေးတေးကဗျာ	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	မှတ်တမ်း		-ဟာသရုပ်စုံ
၄း၂၀	ဇာတ်လမ်းတို		-မွေးမြူသုတ
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ		-တစ်လအတွက်အကြိုက်ဆုံး ဗွီစီဒီတေးများ
၄း၃၅	အင်္ဂလိပ်စာသုတ		
၄း၅၀	ကြိုတင်တားဆီးရန်သူမီး		-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၄)**		
၆း၂၅	Guide for You		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ"(အပိုင်း-၁၇)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈- ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၆၁၅၁	၀. ၀၃၁၆၃
တရုတ် (ယွမ်)	၆. ၃၃၅၃၅	၀. ၁၅၇၈၄
အိန္ဒိယ (ရူပီး)	၅၅. ၁၈၆၂	၀. ၀၁၈၁၂
မလေးရှား (ရင်းဂစ်)	၃. ၁၄၈၇၀	၀. ၃၁၇၅၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၆၃၂	၀. ၇၈၃၅၁
ဂျပန် (ယန်း)	၇၉. ၃၉၃၅	၀. ၀၁၂၆၀
တောင်ကိုရီးယား(ဝမ်)	၁၁၈၆. ၆၃	၀. ၀၀၀၈၄
ယူရို	၀. ၇၉၅၅၀	၁. ၂၅၇၀၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၇၁၀	၁. ၅၆၉၆၂

အင်တာနက်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား Relief International အဖွဲ့မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဗြိတိန်နိုင်ငံအခြေစိုက် Relief International အဖွဲ့မှ Board of Director ဦးဆောင်ညွှန်ကြားရေးမှူး Dr. Hernando Garzon ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ Relief International အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ဆောင်ရွက်နေသော မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခြေအနေ၊ အဆိုပါလုပ်ငန်းများကို မြန်မာပြည်အလယ်ပိုင်းမြို့နယ် သုံးမြို့နယ် (တောင်သာ၊ မြင်းခြံ၊ နွားထိုးကြီး)၌ ဆက်လက်၍ ပူးပေါင်းတိုးချဲ့ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် နှစ်နိုင်ငံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အတွေ့အကြုံဖလှယ်ရန် အစီအစဉ်များကို ဆွေးနွေးကြသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ဒေါက်တာ စောလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏တပ်ဖွဲ့ဝင်များ ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

❐ နိုင်ငံတော်သမ္မတမှ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇင်ယော်တို့အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ပြန်လည်မိတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့အား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၅-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

၄း၄၅ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၅း၂၀ ၂။ “ဖွားချို”

၅း၄၅ ၃။ ရင်မှာစွဲထင်တေးအလှသံစဉ်

၇း၀၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ “ဖေဖေ့သမီး” (အပိုင်း-၇)

၈း၀၀ ၅။ ပြည်တွင်းသတင်း

၆။ ချိုမြိန်ရသာမုန့်ကမ္ဘာ

၇။ နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုမငြီးတဲ့ချစ်သမီး ” (အပိုင်း-၁၀)

၈။ အိန္ဒိယရုပ်ရှင် “ကိုယ်သာကိုယ့်ရဲ့ကိုးကွယ်ရာ”(ဇာတ်သိမ်း)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် မေ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာနမှ ရန်ကုန်မြို့ အလုံအိတ်ချိန်းရှိ CDMA (800MHz) Prepaid နှင့် CDMA (450MHz) Prepaid/Postpaid မိုဘိုင်းတယ်လီဖုန်းများအတွက် အသုံးပြုနေသော CBS စနစ်သို့ CDMA (450MHz) Prepaid/Postpaid Subscriber များအား Cutover ပြုလုပ်ခြင်းကို မေ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) ည ၀၀း၀၀ နာရီမှ ၀၀း၂၀ နာရီထိ ပြုလုပ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်စဉ်အတွင်း CDMA 450 MHz စနစ်နှင့် CDMA 800 MHz စနစ် အသုံးပြုသော မိုဘိုင်းဖုန်းများ ဆက်သွယ်မှု မိနစ် ၂၀ ခန့် ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြထားသည်။ (သတင်းစဉ်)

ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၈

ချင်းပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က အလှူငွေများ၊ ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို အခြေခံပညာ ကျောင်းများအတွက် ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမြို့ရှိ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရေစကြို မေ ၂၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက်တွင် ရေစကြိုမြို့ အထက (၁) မြတမာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးညွန့်မောင်က ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်း ကျောင်းနေရန် ခက်ခဲသည့် ကလေး ၅၈ ဦးတို့အား ပုဂ္ဂလိက အလှူရှင် ၁၁ ဦးတို့မှ ထောက်ပံ့လှူဒါန်းသည့် ငွေကျပ် ၄၉၀၀၀၀၊ မြို့နယ်ပညာရေးမိသားစုများ စုပေါင်းထောက်ပံ့လှူဒါန်းသည့် ငွေကျပ် ၁၄၅၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်၊ ခဲတံ၊ ကွန်ပါဘူးနှင့် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သော ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းသားကျောင်းသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ (၃၇၄)

ရန်ကုန်မြို့နှင့် မြေလျှင်ဆိုင်ရာအကြောင်းသိကောင်းစရာနှင့် Disaster Management ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လစဉ်ကျင်းပလျက်ရှိသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ အငြိမ်းစားပါမောက္ခ ဒေါက်တာဦးသိန်းနှင့် Unicef မှ အငြိမ်းစား ဒါရိုက်တာ ဒေါက်တာဒေါ်ယဉ်ယဉ်နွယ်တို့က “ရန်ကုန်မြို့နှင့် မြေလျှင်ဆိုင်ရာ အကြောင်း သိကောင်းစရာ” နှင့် “Disaster Management” ခေါင်းစဉ်တို့ကို ဟောပြောကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။ (ဥမ္မာသန့်-သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဦးစွာပြောကြားရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုအားဖြည့်ပေးစေမည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ယခုခရီးစဉ်အား မိမိတို့အစိုးရအဖွဲ့နှင့် ပြည်သူများက လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ဤခရီးစဉ်သည် မြန်မာနိုင်ငံသို့ (၂၅)နှစ်အတွင်း အိန္ဒိယဝန်ကြီးချုပ်၏ ပထမဆုံးခရီးစဉ်လည်းဖြစ်ပါကြောင်း၊ အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အိန္ဒိယနိုင်ငံမှ အကူအညီများပေးအပ်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် ဒီမိုကရေစီအတွေ့အကြုံနှင့် အလေ့အထများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်လျက်ရှိပါသေးကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးအင်အားစုများအားလုံး ပါဝင်ခွင့်ရရှိရေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအပါအဝင် မြန်မာပြည်သူ ပြည်သားများအားလုံးသည် တရားဥပဒေနှင့်အညီ တန်းတူညီမျှစွာ နေထိုင်နိုင်ကြရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးရရှိရေးအတွက် လက်ရှိလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကေအိုင်အေအဖွဲ့နှင့်လည်း ထိတွေ့ဆက်သွယ်လျက်ရှိရာ မကြာမီ ငြိမ်းချမ်းရေးလုပ်ငန်းများ အပြည့်အဝအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများလာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိရေးအတွက် အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများ အပြီးတိုင်ရုပ်သိမ်းရန် လိုအပ်ပါကြောင်း၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နည်းပညာကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အိန္ဒိယနိုင်ငံမှလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကို ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ဘာသာရေး၊ ယဉ်ကျေးမှုအစဉ်အလာများအရ နှစ်ပေါင်းထောင်ချီ၍ ရင်းနှီးခင်မင်ခဲ့ကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာဆောင်ရွက်နိုင်ရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်လျက်ရှိခြင်းအတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆိုပါကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အပြည့်အဝ ထောက်ခံအားပေးပါကြောင်း။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံလက်တွဲ၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့ကြီးနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြင့်ခိုင်မြဲလိုပါကြောင်း၊ အိန္ဒိယနိုင်ငံတွင်ကျင်းပမည့် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတကြီး တက်ရောက်နိုင်ပါရန် ဖိတ်ကြားလိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍသစ်၊ မျှော်မှန်းချက်အသစ်များ ပြည့်ဝပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ခရီးစဉ်အတွင်း ချုပ်ဆိုကြမည့် နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများ ချုပ်ဆိုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေး၊ စက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းမည်

နေပြည်တော် မေ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ကလေးဝမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မော်လိုက်မြို့၊ ကလေးမြို့နှင့် မုံရွာမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကလေးဝမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီ၊ စစ်တွေမြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် ပခုက္ကူမြို့တွင် ၁ ဒသမ ၈၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းမည်။

စိုက်ပျိုးရေးစက်ယန္တရားများရောက်ရှိမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးချက်အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံက ထောက်ပံ့ပေးပို့လိုက်သည့် စိုက်ပျိုးရေး စက်ယန္တရားပစ္စည်းများအနက် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ကယားပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအသုံးပြုနိုင်ရန် ထွန်စက် (40 hp) ၁၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် (110 hp) နှစ်စီး၊ လက်တွန်းထွန်စက် (13.5 hp) အစီး ၂၀ ရောက်ရှိနေမှုနှင့် စက်များ စမ်းသပ်မောင်းနှင်နေမှုတို့ကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် မေ ၂၄ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး စိုက်ပျိုးရေးသုံး စက်ယန္တရားပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)သင်တန်းသားများ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) လေ့လာ

ရန်ကုန် မေ ၂၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀)မှ ဌာနမှူးကြီးများ ဦးဆောင်သည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၀၄ ဦးတို့သည် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏသို့ လာရောက်လေ့လာကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများက မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ခြင်းလုံးနှင့်ဝူရှူး အားကစားနည်းများဖြင့် အားကစားစွမ်းရည် သရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နေပြည်တော်၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်ဇနီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့က အပြန်အလှန်မိန့်ခွန်းပြောကြားကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်အား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့အား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

ထိပ်ဆုံးနေရာအတွက် ရတနာပုံ F.C ဂိုးပြတ်သွင်း

ရန်ကုန် မေ ၂၈

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၆) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံ F.C က Southren အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ရတနာပုံ - သုံးဂိုး

(ခင်မောင်ထွန်း၊ ဒွေးကိုကိုချစ်နှင့် ပိုင်စိုး)

Southern - ဂိုးမရှိ

(ရှိုင်းထက်ဇော်)

စပါးတိုက်စစ်မှူး ဒေါ့စ်ဆန်းတို့စ် အသင်းနှင့်ဆွေးနွေးမည်ဟုဆို

လန်ဒန် မေ ၂၈

စပါးအသင်းမှ မက္ကဆီကိုတိုက်စစ်မှူး ဒေါ့စ်ဆန်းတို့စ်သည် ၎င်း၏အနာဂတ်အတွက် လာမည့်ဇွန်လတွင် စပါးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မေ ၂၈ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

တိုက်စစ်မှူးဒေ့ါစ်ဆန်းတို့စ်နှင့် ၎င်း၏ကိုယ်စားလှယ်တို့သည် ဇွန် ၁၂ ရက်တွင် စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဝိုက်ဟတ်လိန်းတွင် မိမိလိုချင်သော လုပ်ခလစာ မရရှိခဲ့ပါက အသင်းပြောင်းရွှေ့ကစားခွင့်ပြုရန် တောင်းဆိုမည်ဟု ဆိုသည်။

မက္ကဆီကို ကြယ်ပွင့် ဒေ့ါဆန်းစ်တို့စ်သည် ၂၀၀၈ ခုနှစ်က ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းဖြင့် တော့တင်ဟမ်ဟော့စပါးအသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲပေါင်း ၁၇ ပွဲသာ ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

လက်ရှိတွင်မူ တိုက်စစ်မှူး ဒေ့ါစ်ဆန်းတို့စ်သည် စပါးအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေပြီး စပါးအသင်းကပေးမည့် လုပ်ခလစာအပေါ် အခြေခံ၍ လာမည့်ဘောလုံးရာသီတွင် အသင်းပြောင်းရွှေ့မှုကို စီစဉ်မည်ဟု ဆိုသည်။

တိုက်စစ်မှူး ဒေ့ါစ်ဆန်းတို့စ်သည် ပရီမီယာလိဂ်ကလပ် စပါးအသင်းတွင် တိုက်စစ်နေရာအပြင် တောင်ပံနှစ်ဖက်မှလည်း ကောင်းမွန်စွာကစားနိုင်ခဲ့ပြီး စပိန်ကလပ်ဘာစီလိုနာအသင်းအပြင် Ipswich town၊ ဂလက်တာဆာရေးနှင့် ဆန်တန်ဒါ စသည့်အသင်းများ၌လည်း အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ်သည်။

သို့သော် အသင်းပြောင်းရွှေ့မှုများသော်လည်း လက်ရှိစပါးအသင်းက လုပ်ခလစာတိုးမြှင့်ပေးရန်နှင့် တိုးမြှင့်မပေးပါက အသင်းမှထွက်ခွာခွင့်ပြုရန် စပါးအသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

နိုင်လင်းကြည်

☆ နိုင်ငံတော်သမ္မတမှ

ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှင့် အခွန်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ အာဆီယံ-အိန္ဒိယ ဆက်ဆံရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော်ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ-အိန္ဒိယ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M. Krishna တို့ကလည်းကောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ပြည်ပရေးရာဝန်ကြီးတို့က လည်းကောင်း၊ မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် နည်းပညာဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ပြည်ပရေးရာဝန်ကြီးတို့က လည်းကောင်း၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (MISIS)နှင့် နယူးဒေလီရှိ (Institute For Defence Studies and Analyses - IDSA) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Ranjan Mathai တို့က လည်းကောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် (၂၀၁၂-၂၀၁၅)ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် နိုင်ငံခြားရေးအတွင်းဝန်တို့က လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ခေတ်မီပညာပေး စပါးဇီဝဥယျာဉ် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် နိုင်ငံခြားရေးအတွင်းဝန်တို့က လည်းကောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်၌ နယ်စပ်ဈေးများ ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် နိုင်ငံခြားရေးအတွင်းဝန်တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (MISIS) နှင့် နယူးဒေလီရှိ (The Indian Council of World Affairs-ICWA)တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် ICWA ညွှန်ကြားရေးမှူးချုပ် Mr. Sarvajit Chakravarti တို့ကလည်းကောင်း၊ အိန္ဒိယအစိုးရမှ ပေးအပ်မည့် သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် EXIM Bank of India ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr. T.C.A. Ranganathan တို့က လည်းကောင်း၊ ဒဂုံတက္ကသိုလ်နှင့် ကော်လ်ကတ္တား တက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှဌေးနှင့် ကော်လ်ကတ္တားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခ Suranjan Das တို့က လည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ ရှေ့မှောက်၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr. S.M. Krishna တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ ရှေ့မှောက်၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် (၂၀၁၂-၂၀၁၅)ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Ranjan Mathai **တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ ရှေ့မှောက်၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ နယ်စပ်ဈေးများ ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Ranjan Mathai တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဧည့်အဖွဲ့များလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား IMF Mission မှ Executive Director, Mr. Chia Der Jiun သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် IMF အဖွဲ့အစည်းမှ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(အောက်ပုံ)**

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအား International University of Japan (IUJ) မှ ပါမောက္ခ ဒေါက်တာအောင်မျိုးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ကျွမ်းကျင်မှုအကူအညီပေးရန် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအား Daiwa Institute of Research Ltd. President, Mr. Takashi Fukai နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး Daiwa Institute of Research Ltd. အနေဖြင့် မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာ ထမုကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာ၌ တူရကီစစ်သည်ဟောင်းများ၏ သတင်းအား တူရကီသံအမတ် Mr. Muratyuvaz လာရောက်စုံစမ်းမေးမြန်းစဉ်။

ပထမကမ္ဘာစစ်အတွင်းက တူရကီစစ်သည် ၁၀၀၀၀ ခန့်၏သတင်း စုံစမ်းမေးမြန်း

မိတ္ထီလာ မေ ၂၈

မိတ္ထီလာ ထမုကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာသို့ ပထမကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တပ်များ၏ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရသည့် တူရကီစစ်သည်ဟောင်းများ၏ သတင်းကွင်းဆက်အား တူရကီနိုင်ငံမှ သံအမတ် Mr. Muratyuvaz က လာရောက်စုံစမ်းမေးမြန်းကြောင်း သိရသည်။

ပထမကမ္ဘာစစ်အတွင်းက တူရကီစစ်သည်များအား စစ်သုံ့ပန်းအဖြစ် မိတ္ထီလာနယ်တစ်ဝိုက်သို့ အင်္ဂလိပ်စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့စသည့် သမိုင်းမှတ်တမ်းများရှိပြီး တူရကီစစ်သည်ဟောင်းများ မြှုပ်နှံသင်္ဂြိုဟ်ထားသည့် စစ်သင်္ချိုင်းဟောင်းမှာ အထက-၃ အနီး ရွှေပန်းတိုင်းကျေးရွာနှင့် မနီးမဝေးတွင် တည်ရှိကြောင်း၊ ၎င်းနေရာနှင့်နီးစပ်သည့် စက်ပစ်တောင်ကျေးရွာတွင် တူရကီစစ်သည်ဟောင်းများ၏ သတင်းကွင်းဆက်ကို သိမီသူများရှိသည်ဟု ယူဆသောကြောင့် လာရောက်စုံစမ်းမေးမြန်းခြင်းဖြစ်ကြောင်း၊ တူရကီစစ်သည်ဟောင်းများ၏ ရုပ်ကြွင်းမြှုပ်နှံထားရာနေရာတွင် ခွင့်ပြုချက်ရရှိပြီးလျှင် ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ကာ အထိမ်းအမှတ် မှတ်တိုင်သစ်များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူရကီသံအမတ်၏ ခရီးလမ်းညွှန်ဖြစ်သူ ဦးမြင့်သိန်းက ပြောကြားသည်။ အဆိုပါ တူရကီ သံအမတ်၏ ပထမကမ္ဘာစစ်ကာလ တူရကီစစ်သည်ဟောင်းများ သတင်းကွင်းဆက်ရှာဖွေမေးမြန်းမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက လိုက်ပါကူညီဆောင်ရွက်ပေးသည်။

သမိုင်းမှတ်တမ်းများ၏ အဆိုအရ မိတ္ထီလာနယ်တစ်ဝိုက်တွင် ပထမကမ္ဘာစစ်အတွင်းက တူရကီစစ်သည်များမှာ စစ်သုံ့ပန်းများ အပါအဝင် ၄၀၀ ကျော်မျှရှိသည်ဟု သိရသော်လည်း တူရကီ သံအမတ် Mr.Muratyuvaz က ကျဆုံးတူရကီစစ်သည်အရေအတွက်မှာ ၁၀၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။ (၅၇၉)

ပြည်သူတို့ဘဝ ထွန်းလင်းဖို့ရာ နိုင်ငံတော်ရဲ့စေတနာ

လှိုင်ဘွား(ပါရမီ)

အသက်ကလေးက ရလာပြီမို့ ညနေခင်းများတွင် ကျန်းမာရေးအတွက် ခရီးအတန်အသင့် လမ်းလျှောက်လေ့ကျင့်ခန်းကို မဖြစ်မနေ ဆုံးဖြတ်ချက်ချပြီးလုပ်နေရသည်။ အချို့ကတော့ နံနက်ခင်း လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ကြသော်လည်း မိမိအလုပ်က ညဥ့်နက်သည့်တိုင် လုပ်ရသည့်အလုပ်အမျိုးအစားမို့ ညနေခင်း လေ့ကျင့်ခန်းကိုသာ ကြိုက်ကြိုက်မကြိုက်ကြိုက် ရွေးလိုက်ရတော့သည်။ ညနေခင်းလေ့ကျင့်ခန်းသည်လည်း တကယ်တော့ မဆိုးပါ။ ဆည်းဆာချိန်တွင် လူသားအများအပြားတို့ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသည်ကို ကြည့်ရသည်မှာ ဆေးရောင်စုံပန်းချီကားတစ်ချပ်ကို ကြည့်ရသည့်ပမာ စက္ခုပသာဒ အေးမြလွန်းလှသည်။ သို့ဖြစ်ရာ မိမိ၏ ညနေခင်းလေ့ကျင့်ခန်းသည်လည်း သက်ရှိပန်းချီကားတစ်ချပ်ကို ကြည့်ရသည့်အမြတ် ပိုထွက်သည်ဟု တွေးမိရင်း ကိုယ့်ဘာသာ ကျေနပ်မိပြန်သည်။

ထိုသို့ လမ်းလျှောက်ရင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့အရောက် ဆိုင်အတွင်းမှ ဟာခနဲအသံနှင့်အတူ ကြမ်းတမ်းစွာရေရွတ်သံများ၊ ညည်းညူသံများ တစ်ပြိုင်နက်ကြားလိုက်ရပေရာ ဤသည်ကား ရုတ်တရက်မီးပျက်ခြင်းပင်တည်းဟု မကြည့်ဘဲနှင့် ခန့်မှန်းမိလိုက်ပေသည်။ မူလကမှ ရုတ်တရက်အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးလာသော စက်မှုလက်မှုလုပ်ငန်းများနှင့် အီလက်ထရွန်နစ်ခေတ်ကြီးအတွက် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ပေးနေချိန်၌ ပြင်းထန်လှသော နွေရာသီအပူဒဏ်ကြောင့် ရေတွင်းရေကန် ရေလှောင်တမံများ ခန်းခြောက်ခြင်းနှင့် ရင်ဆိုင်နေရသည့်အထဲတွင် အဖျက်သမားတို့က ပြည်သူတို့အတွက် လျှပ်စစ်ဓာတ်အားသယ်ပို့ပေးသည့် မဟာဓာတ်အားလိုင်းတာဝါတိုင်များအား ဗုံးခွဲဖျက်ဆီးခဲ့ပေရာ ဤသော ဓာတ်အားပြတ်လပ်မှုအခက်အခဲနှင့် ရင်ဆိုင်ရသည်ကို ဆန်းသည်ဟု မဆိုနိုင်၊ အခြေအနေကို မှန်အောင်မြင်ပြီး စိတ်ရှည်သည်းခံနိုင်ကြဖို့သာ လိုပေမည်။

အိမ်ပြန်ရောက်တော့ လမ်းမှာ ကြုံခဲ့ရသည့်မြင်ကွင်းနှင့် အတွေးက လက်စမသတ်ခဲ့။ မိတ်ဆွေရင်း လျှပ်စစ်ဝန်ထမ်းများထံ ဖုန်းဆက်ရင်း စုံစမ်းမေးမြန်းမိတော့သည်။ တကယ်တော့ ဤအခက်အခဲကား ယခုမှ အစပျိုးလာခြင်း မဟုတ်၊ ပြီးခဲ့သည့် ဆယ်စုနှစ်များကတည်းက အစပျိုးခဲ့၊ အရင်းခံခဲ့ခြင်းဖြစ်သည်။ ဖြစ်ပေါ်လာနေသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏကို ဖြည့်ဆည်းပေးရမည့် တည်ဆောက်မှုပမာဏအလိုက် မမီနိုင်ခဲ့ခြင်းဖြစ်သည်။ မိမိကိုယ်တိုင်သည် လည်းကောင်း၊ မိမိပတ်ဝန်းကျင်မှ လူသူအများသည် လည်းကောင်း မီးရောင်ထိန်ထိန်အောက်တွင် လျှပ်စစ်ပစ္စည်းမျိုးစုံကို အသုံးပြုရင်း အဆင်ပြေချောမွေ့သာယာကြည်နူးနေကြသည်ကို မည်သူမဆို မြင်လိုကြပေမည်။ သို့သော် ဤသို့ဖြစ်အောင် မည်သို့ဆောင်ရွက်မည်နည်းဆိုသည်ကိုမူ အကြံပြုရန်မှာမူ ခက်ခဲတတ်ပေသည်။ ယခုအခါ နိုင်ငံတော်က လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို ဖြေရှင်းရမည့် ဓာတ်အားရင်းမြစ်တို့ များပြားလာစေရေးဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံကို စဉ်းစားရှာဖွေ၍ ဆောင်ရွက်နေရာ ပြည်ပမှ ဓာတ်အားပေးစက်ကြီးများ အမြန်ဝယ်ယူ၍ ဓာတ်အားပေးသည့် နည်းလမ်းကိုလည်း ဆောင်ရွက်နေကြောင်း သတင်းစာများ၌ ဖတ်ရှုသိရှိရသည်။ ထို့မှုမက ခိုင်မာသော နည်းလမ်းများကိုလည်း ထဲထဲဝင်ဝင် သိရှိနိုင်ရေး မေးမြန်းစုံစမ်းမိခဲ့ရာ နောင်လာမည့် အနာဂတ်ကာလတွင် ယခုဖြစ်သည့်ဓာတ်အား ပြတ်လပ်မှုအခက်အခဲမျိုး မဖြစ်ပေါ်စေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအား လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စိတ်ချလက်ချ ရင်းနှီးမြှုပ်နှံနိုင်ရေးဆောင်ရွက်ပေးနေသည်ကိုလည်း သိရှိခဲ့ရပေသည်။

နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားများ အချိန်တိုအတွင်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်စီမံကိန်းများကို ဝန်ကြီးဌာနကိုယ်တိုင် တည်ဆောက်အကောင်အထည်ဖော်သော နည်းလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်အကောင်အထည်ဖော်သော နည်းလမ်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်အကောင်အထည်ဖော်သော နည်းလမ်းဟူသည့် နည်းလမ်းသုံးခုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

အထက်ပါအတိုင်း လျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က မိမိတိုင်းရင်းသားလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ထာဝစဉ်ရှေ့တန်းတင် စဉ်းစားခဲ့သည့်အလျောက် ပြည်ပကုမ္ပဏီများကို တိုင်းရင်းသားလုပ်ငန်းရှင် ပူးပေါင်းပါဝင်မှု၊ ရှယ်ယာပါဝင်မှုမရှိဘဲ ဆောင်ရွက်ခွင့်မပြု။ သို့သော် ရင်းနှီးမြှုပ်နှံမှုပမာဏက များပြားလှသည့်အလျောက် ပူးပေါင်းပါဝင်မည့် လုပ်ငန်းရှင်ကုမ္ပဏီကိုမူ ပြည်ပရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီကပင် ရွေးချယ်သည်။ နိုင်ငံတော်က ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသကဲ့သို့ မိမိတို့ တိုင်းရင်းသားလုပ်ငန်းရှင်များကို အများနည်းတူ ဖြစ်ထွန်းစေချင်သည့် စေတနာကြောင့်ပင် သည်စည်းမျဉ်းတွေဖြစ်လာရခြင်း ဖြစ်သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရာတွင် အဆင့်(၅) ဆင့်ရှိကြောင်းလည်း သိရသည်။ **ပထမအဆင့်မှာ** နားလည်မှုစာချွန်လွှာ (MOU) (Memorandum of Understanding) ဖြစ်ပြီး ယင်းကား စူးစမ်းလေ့လာခွင့်ပြုခြင်းအဆင့်သာဖြစ်သည်။ သာမန်အားဖြင့် စူးစမ်းလေ့လာပြီး စီမံကိန်းဆောင်ရွက်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် အစီရင်ခံစာ Pre-feasibility and feasibility Study Report တင်ပြသော အဆင့်ဖြစ်သည်။ ယင်းအဆင့်အတွက် အချိန်ကာလအားဖြင့် အများဆုံး Pre-feasibility ၁၂ လနှင့် feasibility Study ၁၈ လ စုစုပေါင်း လ ၃၀ ခွင့်ပြုထားသည်။ ခွင့်ပြုသောကာလအတွင်း အစီရင်ခံစာ မတင်ပြလျှင် MOU ပျက်ပြယ်သည်။ ၎င်း MOU ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် အဖွဲ့အစည်းတစ်ခုတည်း၏ ခွင့်ပြုချက်ဖြင့် မပြီး၊ ရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ရရှိရန် လိုအပ်သည်။

ဒုတိယအဆင့်မှာ သဘောတူညီမှုစာချုပ် MOA (Memorandum of Agreement) ဖြစ်သည်။ ၎င်းအဆင့်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ လေ့လာပြုစုတင်ပြသော feasibility Study Report တွင် ပါဝင်သည့် စီမံကိန်းတည်ဆောက်မည့် နေရာ၊ ပုံစံ၊ နည်းပညာနှင့်ပတ်သက်၍ အပြန်အလှန် စစ်ဆေးခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ ပြုလုပ်သည်။ အတည်ပြုနိုင်ခဲ့လျှင် စီးပွားရေးတွက်ခြေကိုက်မှု၊ နှစ်ဖက်အကျိုးတူ (Win-Win) ဖြစ်မှုတို့ကို အသေးစိတ်အချိန်ယူ၍ တွက်ချက်စစ်ဆေးခြင်း ပြုလုပ်သည်။ ၎င်းတို့ကို အတည်ပြုနိုင်ခဲ့လျှင် စာချုပ်ကို ရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ၊ အတည်ပြုချက်များယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် MOA ကို လက်မှတ်ရေးထိုးကြသည်။ ဤအဆင့် လက်မှတ်ရေးထိုးနိုင်ရန်အတွက် အများဆုံး အချိန်ကာလ ခြောက်လခန့် ကြာမြင့်နိုင်ပေသည်။ ကြီးမားလှသော စီမံကိန်းကြီးများဖြစ်ရကား နောင်အရှည်တည်တံ့ခိုင်မာစေရန်အတွက် ဤမျှတော့ အချိန်ယူရပေမည်။

တတိယအဆင့်အနေဖြင့် သဘောတူစာချုပ် MOA အပေါ်မူတည်လျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်အဆင့်ဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် တိုက်ဆိုင်စစ်ဆေးသည်။ (ဤအဆင့်တွင် ယခုအချိန်၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာချက် အစီရင်ခံစာနှင့် ၎င်းတို့အပေါ်တွင် ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်မှုအစီအမံနှင့် အာမခံချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိရန် လိုအပ်ကြောင်း သိရသည်။)

စတုတ္ထအဆင့်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုအတည်ပြုချက်ရရှိလျှင် ဖက်စပ်သဘောတူညီချက်စာချုပ် (JVA, Joint Venture Agreement) မူကြမ်းကို ပြုစုလျက် ရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့သို့ ပေးပို့ကာ သဘောထားမှတ်ချက်၊ အတည်ပြုချက်များ ရယူရသည်။ အတည်ပြုချက်ရရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ဖက်စပ်သဘောတူညီချက်စာချုပ် (JVA)ကို လက်မှတ်ရေးထိုးသည်။

ပဉ္စမအဆင့်အားဖြင့် (JVA)လက်မှတ်ရေးထိုးပြီးလျှင် ဖက်စပ်ကုမ္ပဏီတည်ထောင်ခွင့်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်တောင်းခံရသည်။ တရားဥပဒေအရ လုပ်ငန်းစီမံဆောင်ရွက်ခွင့်ပြုချက် (Legal Opinion)ရရှိရန် ရှေ့နေချုပ်ရုံးသို့ တင်ပြခွင့်ပြုချက် တောင်းခံရသည်။ စီမံကိန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် (Concession Right)ရရှိရန် သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးဌာနသို့ ခွင့်ပြုချက်တောင်းခံရသည်။ ရင်းနှီးမြှုပ်နှံမည့် ပြည်ပကုမ္ပဏီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ကုမ္ပဏီတည်ထောင်ခွင့်ပြုသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ရှေ့နေချုပ်ရုံး၏ တရားဥပဒေအရ လုပ်ငန်းစီမံဆောင်ရွက်ခွင့် (Legal Opinion)၊ သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် (Connession Right)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လက်မှတ်ရေးထိုးထုတ်ပြန်သော အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာတို့ ရရှိမှသာ စီမံကိန်းအကောင်အထည်ဖော်ခွင့် အတည်ဖြစ်ပေသည်။

နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်စာချုပ်များကို ဌာနအသီးသီးမှ စိစစ်ဆောင်ရွက်ရာတွင် ရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေနှင့်ညီညွတ်မှုရှိစေရန်အတွက် လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် စီမံကိန်းနှင့်ပတ်သက်၍ အချက်အလက်များ ပြည့်စုံမှု၊ စီးပွားရေးတွက်ခြေကိုက်မှုနှင့် အကျိုးရှိမှုကို ချင့်ချိန်ရန်အတွက် လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်ဥပဒေအရ နိုင်ငံတော်မှရရှိမည့်အခွန်အခများ ပြည့်စုံမှန်ကန်စွာရရှိရေးအတွက် လည်းကောင်း၊ အသေးစိတ်စစ်ဆေးခြင်း၊ ပြုပြင်ပေးခြင်း၊ သဘောထားမှတ်ချက်ပြုခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်ပေသည်။

တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများကို လျှပ်စစ်စီမံကိန်းများ လုပ်ဆောင်ခွင့်ပြုရာတွင်မူ **ပထမအဆင့်**အနေဖြင့် နားလည်မှုစာချွန်လွှာ(MOU) လက်မှတ်ရေးထိုး၍ စူးစမ်းလေ့လာခွင့်ပြုသည်။ ဤအဆင့်တွင် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုပထမအဆင့်အတိုင်းဖြစ်သည်။

ဒုတိယအဆင့်မှာ ပဋိညာဉ်စာချုပ်ဖြစ်သည်။ ၎င်းအဆင့်တွင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီမှ လေ့လာပြုစုတင်ပြသော Feasibility Study Report တွင် ပါဝင်သည့် စီမံကိန်းတည်ဆောက်မည့်နေရာ၊ ပုံစံ၊ နည်းပညာနှင့်ပတ်သက်၍ အသေးစိတ်အပြန်အလှန် စစ်ဆေးခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ ပြုလုပ်သည်။ အတည်ပြုနိုင်ခဲ့လျှင် စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ အသေးစိတ်အချိန်ယူတွက်ချက်စစ်ဆေးခြင်းပြုလုပ်သည်။ ၎င်းတို့ကို အတည်ပြုနိုင်ခဲ့လျှင် ပဋိညာဉ်စာချုပ်မူကြမ်းပြုစု၍ ရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့သို့ ပေးပို့ပြီး ၎င်းတို့၏သဘောထားမှတ်ချက်များ၊ အတည်ပြုချက်များ ရယူ၍ စာချုပ်ကို အတည်ပြုပြင်ဆင်ရေးသားသည်။

တတိယအဆင့်တွင် အထက်ပါ ပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ စစ်ဆေးအတည်ပြုသည်။ (ဤအဆင့်တွင် ယခုအချိန်၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာချက် အစီရင်ခံစာနှင့် ၎င်းတို့အပေါ်တွင် ထိခိုက်မှုလျော့နည်းအောင်ဆောင်ရွက်မည့် အစီအမံနှင့် အာမခံချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိရန် လိုအပ်ကြောင်း သိရသည်။)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိလျှင် **စတုတ္ထအဆင့်**အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပေးသည်။ ၎င်းကိစ္စများ ဆောင်ရွက်ပြီးလျှင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီသည် လျှပ်စစ်စီမံကိန်း တည်ဆောက်လုပ်ကိုင်ခွင့် ရရှိပြီဖြစ်သည်။

လျှပ်စစ်စီမံကိန်းများ၏ နည်းပညာပိုင်းဆိုင်ရာ စိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်ရာတွင် ခိုင်မာမှုရှိစေရန်အတွက် ဝန်ကြီးဌာနမှ ဒီဇိုင်းပညာရှင်များက ဝန်ကြီးဌာနမှ ငှားရမ်းထားသော Consultant များဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံမှ AF Colenco၊ ဂျပန်နိုင်ငံမှ NEWJE Co တို့နှင့် ပူးတွဲစစ်ဆေးအတည်ပြုမှုများ ဆောင်ရွက်သည်။

ဤသို့အားဖြင့် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိပေရာ ရင်းနှီးမြှုပ်နှံလိုသူ၊ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လိုသူ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အသေးစိတ်သိရှိလိုပါက ဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထိုစဉ်မှာပင် လျှပ်စစ်မီးက ပြန်လင်းလာပေရာ ကလေးများ ဖွင့်ထားခဲ့သည့် မလိုသောမီးပွင့်များကို လိုက်ပိတ်ရင်း မိမိပိတ်လိုက်သော မီးပွင့်များမှ ပိုလျှံသွားသော ဓာတ်အားကြောင့် အခြားတစ်နေရာမှ လျှပ်စစ်မီးသုံးစွဲသူ တစ်ယောက် ဓာတ်အားပိုမိုပြည့်ဝစွာ သုံးစွဲလိုက်ရပါစေဟုလည်း ဆုတောင်းလိုက်မိသည်။ ။

ဆိုက်ရောက်ဗီဇာ တစ်မိနစ်အတွင်း ဆောင်ရွက်ပေးပြီ

ရန်ကုန် မေ ၂၈

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပတ်သက်သည့် ဆိုက်ရောက်ဗီဇာ (Arrival Visa) ကို လူတစ်ဦးလျှင် အချိန်တစ်မိနစ်အတွင်း ဆောင်ရွက်ပေးလျက်ရှိပြီး ၂၇ နိုင်ငံအတွက် သွားလာခွင့်ပြုနိုင်ရန် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် နိုင်ငံတကာလေဆိပ်၊ Website များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း မေ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၏ ပြောကြားချက်အရ သိရသည်။(ယာပုံ)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ဆိုက်ရောက်ဗီဇာ (Visa on Arrival)အတွက် လိုက်နာရမည့် စည်းကမ်းချက် (၉) ချက်ရှိကြောင်း သိရသည်။ (၁) သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် တရားဝင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူဖြစ်ရမည်။ Passport သက်တမ်းသည် ရောက်ရှိသည့်နေ့၏ နောက်ပိုင်းအနည်းဆုံး ခြောက်လ သက်တမ်းကျန်ရှိရမည်။ (၂) လွန်ခဲ့သည့် ခြောက်လအတွင်းက ရိုက်ကူးထားသည့် (၄စင်တီမီတာ×၆စင်တီမီတာ)ရှိ ရောင်စုံဓာတ်ပုံနှစ်ပုံ အသင့်ယူဆောင်လာရမည်။ (၃) လုပ်ငန်းဗီဇာဖြင့် လာရောက်မည်ဆိုပါက လျှောက်လွှာနှင့်အတူ တာဝန်ခံခေါ်ဆောင်သူကုမ္ပဏီ၏ ဖိတ်ခေါ်စာပါရှိရမည်။ (၄) မြန်မာနိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက လျှောက်လွှာနှင့်အတူ လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီမှတ်ပုံတင်/လုပ်ငန်းလိုင်စင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပေးသော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်း အထောက်အထားမိတ္တူ ပူးတွဲတင်ပြရမည်။ (၅) မြန်မာနိုင်ငံအတွင်း လုပ်ငန်းဗီဇာဖြင့် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက အလုပ်လုပ်ကိုင်သည့် စက်ရုံအမည်၊ တည်နေရာ၊ တာဝန်ခံခေါ်ဆောင်သူ၊ လုပ်ကိုင်သည့်ရာထူးစသည်တို့ကို ပြည့်စုံစွာ ဖော်ပြလျှောက်ထားရမည်။ (၆) မြန်မာနိုင်ငံအတွင်း လုပ်ငန်းဗီဇာဖြင့် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက နေခွင့်သက်တမ်းတိုးမြှင့်လျှောက်ထားလိုလျှင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ဖြင့် တည်ဆဲ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်ပါသည်။ (၇) ပြည်ဝင်ဗီဇာဖြင့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ အခမ်းအနား တက်ရောက်မည့်သူဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖိတ်ကြားစာ ပူးတွဲတင်ပြရမည်။ (၈) လျှောက်လွှာတွင် ဖော်ပြထားသော လုပ်ငန်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမဆို အခဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ လုပ်ကိုင်ခြင်း မပြုရ။ (၉) ဖြတ်သန်းဗီဇာ လျှောက်ထားသူသည် ခရီးလမ်းဆုံးနိုင်ငံသို့ သွားရောက်မည့် လေယာဉ်လက်မှတ် ပူးတွဲတင်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းစည်းကမ်းချက်အပြည့်အစုံများကိုလည်း နိုင်ငံတကာလေဆိပ်များ၊ လေကြောင်းလိုင်းများတွင် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော www. mip. gov. mm တွင်လည်းကောင်း ထုတ်ယူ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနစိတ်တွင် တင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်းသို့ လာရောက်ကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရနှင့် ပတ်သက်သော လူမှုရေးအဖွဲ့အစည်းများ၊ NGO များ စသည်တို့ အချိန်ကြန့်ကြာမှုမရှိဘဲ လူတစ်ဦးလျှင် အချိန်တစ်မိနစ်အတွင်း ဆောင်ရွက်နိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကောင်တာငါးခုဖြင့် ဖွင့်လှစ်ထားမည်ဖြစ်သည်။

အဆိုပါဆိုက်ရောက်ဗီဇာနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ ခရီးသွားဗီဇာအဖြစ် လာရောက်သွားမည့်သူများ ပုံမှန်အတိုင်း စစ်ဆေးသွားမည်ဖြစ်သည်။

ဆိုက်ရောက်ဗီဇာခွင့်ပြုသည့်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဩစတြေးလျ၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ ဗြိတိန်၊ အမေရိကန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံကို မြန်မာနိုင်ငံအစိုးရက ဖြေလျှော့မှုများ ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော မလေးရှားနှင့် စင်ကာပူနိုင်ငံသည် ဆိုက်ရောက်ဗီဇာကို အကန့်အသတ်ဖြင့် လတ်တလော အခြေအနေတွင် ခွင့်ပြုထားခြင်းမရှိကြောင်း သက်ဆိုင်ရာ သံရုံးများမှ သိရသည်။ ခွင့်ပြုမည့်ဗီဇာအမျိုးအစားအလိုက် ငွေကြေးကောက်ခံနှုန်းနှင့် ကာလမှာ စီးပွားရေးလုပ်ငန်းဗီဇာ ရက် ၇၀ နေထိုင်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၊ ပြည်ဝင်ဗီဇာ ၂၈ ရက်နေထိုင်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၄၀၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲတွေ့ဆုံမှုဗီဇာ၊ ဖြတ်သန်းခွင့်ဗီဇာအတွက် ၂၄ နာရီအတွင်း နေထိုင်သူက အမေရိကန်ဒေါ်လာ ၂၀ ပေးဆောင်ရမည်ဖြစ်သည်။ ယင်းသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသော ရက်ကျော်ဗီဇာများကို တစ်ရက်လျှင် အမေရိကန် သုံးဒေါ်လာကောက်ခံပြီး ရက် ၉၀ကျော်လွန်သော ဗီဇာများကို တစ်ဦး တစ်နေ့လျှင် ငါးဒေါ်လာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ပွင့်ဦး(ရန်ကုန်)

* ကျောဖုံးမှ

ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတအား ချီးကျူးဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ဆောင်ရွက်နေခြင်း၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခြင်း စသော မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများအပေါ် အိန္ဒိယဝန်ကြီးချုပ်က ချီးကျူးပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၌ မကြာသေးမီက ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၊ တရားမျှတပြီး ငြိမ်းချမ်းစွာ ကျင်းပပေးနိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၁၀။ အိန္ဒိယဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် ဒီမိုကရေစီအဖွဲ့အစည်းများ ဖြစ်သည့် လွှတ်တော်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် သတင်းမီဒီယာ အဖွဲ့အစည်းများ စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် အိန္ဒိယဘက်မှ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားလိုကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာအတွင်းက အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့သည့် အောင်မြင်သောခရီးစဉ်ကို ပြန်ပြောင်းသတိရလျက် အိန္ဒိယဝန်ကြီးချုပ်မှ မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် အိန္ဒိယနိုင်ငံမှ သင်တန်းများ ပေးအပ်သွားလိုကြောင်း ကမ်းလှမ်းပြောကြားခဲ့သည်။

၁၁။ အိန္ဒိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အောက်ဖော်ပြပါ နားလည်မှုစာချွန်လွှာ/ သဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြသည်-

(၁) အိန္ဒိယအစိုးရမှ ပေးအပ်မည့် သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း(၅၀၀)နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာ

(၂) မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်

(၃) မြန်မာ-အိန္ဒိယ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၄) မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၅) စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၆) နေပြည်တော်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ခေတ်မီပညာပေးစပါးဇီဝဥယျာဉ် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၇) မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၈) ဒဂုံတက္ကသိုလ်နှင့် ကော်လ်ကတ္တားတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

(၉) မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (MISIS)နှင့် နယူးဒေလီရှိ (The Indian Council of World Affairs-ICWA) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

(၁၀) မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (MISIS)နှင့် နယူးဒေလီရှိ (Institute for Defence Studies and Analyses-IDSA)တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်

(၁၁) မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်(၂၀၁၂-၂၀၁၅)

(၁၂) မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ နယ်စပ်ဈေးများ ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

၁၂။ နှစ်နိုင်ငံခေါင်းဆောင်များက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးသည် တူညီသောသမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အခြေခံကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအရ ၂၀၁၁ ခုနှစ် မတ်လတွင် ပေါ်ပေါက်လာသည့် ဒီမိုကရေစီအစိုးရလက်ထက်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ သိသိသာသာတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို ကြိုဆိုကြောင်းနှင့် ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအဆင့်မြှင့်တင်သွားလိုသည့်ဆန္ဒကို ထုတ်ဖော်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံသို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း သွားရောက်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက သွားရောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့၏ ခရီးစဉ်နှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အိန္ဒိယနိုင်ငံ ရေအရင်းအမြစ်နှင့် လွှတ်တော်ဆိုင်ရာဝန်ကြီး မစ္စတာ ပီ ကေ ဘန်ဆဲလ်၏ ခရီးစဉ်စသည့် နှစ်နိုင်ငံအပြန်အလှန်ခရီးစဉ်များ၏ အောင်မြင်မှုကို နှစ်ဖက်ခေါင်းဆောင်များက ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ နှစ်ဖက်စလုံးမှ နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ၏ အပြန်အလှန်ခရီးစဉ်များကို ဆက်လက်အကောင်အထည်ဖော်သွားရန် သဘောတူညီခဲ့ကြသည်။

၁၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် အကြမ်းဖက်မှုများနှင့် သောင်းကျန်းသူအဖွဲ့များ၏ လှုပ်ရှားမှုအသွင်သဏ္ဌာန်မျိုးစုံကို တိုက်ဖျက်သွားရန် ဆန္ဒရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးထားပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား နယ်စပ်ဒေသစီမံခန့်ခွဲမှုကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်လျက် နှစ်နိုင်ငံနယ်စပ်ဒေသကော်မတီ၏ ပထမအကြိမ်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ကြိုဆိုခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ၏ သက်ဆိုင်ရာ နယ်နိမိတ်များကို အကြမ်းဖက်သမားများ၊ သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ၎င်းတို့နှင့် ဆက်နွယ်သူများမှ လေ့ကျင့်ခြင်း၊ လွတ်မြောက်ရာနေရာအဖြစ် ခိုအောင်းနေထိုင်ခြင်း၊ အခြားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကို ခွင့်ပြုသွားမည်မဟုတ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

၁၄။ နှစ်နိုင်ငံခေါင်းဆောင်များက နယ်စပ်ဒေသများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်းသည် နယ်စပ်ဒေသလုံခြုံရေးထိန်းသိမ်းရာတွင် အရေးပါကြောင်း ပြောကြားခဲ့ကြသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ သက်ဆိုင်ရာ မြေတိုင်းဦးစီးဌာနများအနေဖြင့် နယ်နိမိတ်ကျောက်တိုင်များကို စနစ်တကျ စစ်ဆေးထိန်းသိမ်းသွားရန် လိုအပ်ကြောင်း ညွှန်ကြားခဲ့ကြသည်။ သက်ဆိုင်ရာမြေတိုင်းဦးစီးဌာန အကြီးအကဲများအနေဖြင့် (၁၇)ကြိမ်မြောက် နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးတွင် ပူးတွဲဖော်ထုတ်ခဲ့သည့် နေရာများ၌ နှစ်နိုင်ငံ ပူးတွဲစစ်ဆေးရန်နေ့ရက်ကို ဆောလျင်စွာ အတည်ပြုသွားရန် နှစ်နိုင်ငံခေါင်းဆောင်များက ညွှန်ကြားခဲ့သည်။

ပေါင်းစည်းဆက်သွယ်မှု

၁၅။ နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပါအဝင် အခြားသော အပြန်အလှန်သွားလာမှုများ တိုးမြှင့်နိုင်စေရန်အတွက် နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးသည် အရေးပါကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးထားပြောကြားခဲ့ကြသည်။ ထို့ပြင် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် ပတ်သက်၍ ပုံမှန်ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် မြန်မာ-အိန္ဒိယ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ ပူးတွဲကွင်းဆင်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ဇော်ရင်ပူရီ(မီဇိုရမ်)၌ အကောက်ခွန်စခန်းဖွင့်လှစ်ရန် နေရာသတ်မှတ်ရေးကိစ္စကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် ကြိုဆိုခဲ့ကြသည်။ အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ပြည်သူများ အချင်းချင်း ထိတွေ့ဆက်ဆံရေးတို့ကို တိုးမြှင့်နိုင်မည့်အပြင် ကုန်းတွင်းပိတ်ဒေသဖြစ်သည့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မှတ်သားခဲ့ကြသည်။

၁၆။ အိန္ဒိယဝန်ကြီးချုပ်မှ တမူး-ကလေးဝ ချစ်ကြည်ရေးကားလမ်းပေါ်ရှိ တံတား (၇၁) စင်းအားပြုပြင်၊ အဆင့်မြှင့်တင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံမှ ကလေးဝ-ယာကြီး လမ်းပိုင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ ယာကြီး-မုံရွာ လမ်းပိုင်းကိုလည်းကောင်း လာမည့် ၂၀၁၆ ခုနှစ်မတိုင်မီ အဝေးပြေးလမ်းမကြီးအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံကိုဖြတ်၍ အိန္ဒိယနိုင်ငံ မိုရေးမှ ထိုင်းနိုင်ငံမဲဆောက်သို့ ဆက်သွယ်မည့် သုံးနိုင်ငံလမ်းဖောက်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဟု မှတ်ယူသည့်အတွက် နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းဖောက်လုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှုအပေါ် ကြိုဆိုခဲ့ကြသည်။ သုံးနိုင်ငံထိတွေ့ဆက်ဆံမှုကို လာမည့် ၂၀၁၆ ခုနှစ်မတိုင်မီ စတင်နိုင်ရေးအတွက် တစ်ပြိုင်တည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

၁၇။ နှစ်နိုင်ငံဆက်ဆံရေးတွင် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုသည် အရေးပါသည့်အလျောက် အိန္ဒိယနိုင်ငံ အင်ဖာမြို့နှင့် မြန်မာနိုင်ငံ မန္တလေးမြို့တို့အကြား ဘတ်စ်ကားလိုင်းပြေးဆွဲရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။ လုပ်ငန်းဆောလျင်စွာ စတင်လည်ပတ်နိုင်စေရေးအတွက် နှစ်ဖက်စလုံး၏ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ဖွယ်ရာများကို အပြီးသတ်ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များမှ ညွှန်ကြားခဲ့သည်။

၁၈။ တိုက်ရိုက်လေကြောင်း ဆက်သွယ်မှုကို တိုးမြှင့်စေနိုင်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူများအချင်းချင်း အပြန်အလှန်သွားလာလည်ပတ်မှုများကို အဆင်ပြေချောမွေ့ လွယ်ကူစေမည့် နှစ်နိုင်ငံအကြား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီမှုစာချုပ်သစ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကို နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

၁၉။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ရထားလမ်းအဆက်အသွယ် ထူထောင်ရေးဆိုင်ရာ နည်းပညာနှင့် ကုန်သွယ်မှုဖြစ်နိုင်ခြေအလားအလာများနှင့် တိုက်ရိုက်ရေကြောင်း အဆက်အသွယ်ထူထောင်ရေးဆိုင်ရာ ကုန်သွယ်မှုဖြစ်နိုင်ခြေအလားအလာများကို စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ပူးတွဲလုပ်ငန်းအဖွဲ့ တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၀။ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကဲ့သို့သော အရေးပါသည့် အခြေခံအဆောက်အအုံ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာကိုလည်း နှစ်ဖက်ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု

၂၁။ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံအကြား ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည့်အလျောက် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ယနေ့အချိန်အထိထောက်ပံ့ငွေနှင့် အတိုးနှုန်း သက်သာသောချေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံပေးအပ်နိုင်ခဲ့ခြင်းအပေါ် အားရကျေနပ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်စွမ်းအားနှင့် ကျန်းမာရေးကဏ္ဍများအပြင် မြန်မာပြည်သူများအတွက် အနာဂတ်ကာလတွင် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၂၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် အိန္ဒိယအစိုးရမှ မြန်မာအစိုးရသို့ ပေးအပ်မည့်သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း (၅၀၀) နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ အဆိုပါသက်သာသောချေးငွေများကို မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ ရထားပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားစသည့်ကဏ္ဍများရှိ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

၂၃။ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်သည့်အလျောက် အဆိုပါဒေသများတွင် လမ်းများအဆင့်မြှင့်တင်ခြင်း၊ ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ တံတားများတည်ဆောက်ခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သင်တန်းများ ဖွင့်လှစ်ခြင်းအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဖာလာစေ့အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ အကူအညီပေးရန် ကမ်းလှမ်းခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကြိုဆိုခဲ့သည်။

၂၄။ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားကြရန် နှစ်နိုင်ငံခေါင်းဆောင်များမှ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် မြန်မာ-အိန္ဒိယ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကျင်းပနိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်စွာ မှတ်သားခဲ့သည်။ အဆိုပါပူးတွဲလုပ်ငန်းအဖွဲ့မှ အနာဂတ်၌ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဇီဝနည်းပညာ၊ ရိုတ်သိမ်းနည်းပညာ၊ ဆေးဝါးဆိုင်ရာဇီဝနည်းပညာ၊ ဆေးသုတေသနနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများရှိ ဦးစားပေးနယ်ပယ်များကို ဖော်ထုတ်ခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်များကို ကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးစီမံကိန်းများအနက်မှ အချို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် တိကျသည့် အဆိုပြုလွှာများ ပြုစုသွားရန် သဘောတူညီခဲ့ကြသည်။

၂၅။ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံခေါင်းဆောင်များသည် အိန္ဒိယ၏ ငွေကြေးနှင့် နည်းပညာ အကူအညီဖြင့် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာဌာန တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်မှ ရန်ကုန်မြို့ရှိ သတင်းအချက်အလက်နှင့် နည်းပညာမြှင့်မားရေးဆိုင်ရာ မြန်မာ-အိန္ဒိယစင်တာအား လာမည့် (၅)နှစ်တာကာလအတွက် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည် ဖြစ်သည့်အပြင် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မြန်မာသုတေသီများအနေဖြင့် အိန္ဒိယတက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် နှစ်စဉ် ပညာသင်ဆု (၁၀) ဆု ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မှ ကြေညာခဲ့သည်။ အဆိုပါ ပညာသင်ဆုများကို ကမ္ဘာ့လေထုနှင့် ကမ္ဘာမြေကြီးဆိုင်ရာသိပ္ပံ၊ ဓာတုသိပ္ပံ၊ အင်ဂျင်နီယာသိပ္ပံ၊ ဇီဝသိပ္ပံ၊ ဆေးသိပ္ပံ၊ သင်္ချာနှင့် တွက်ချက်ရေးဆိုင်ရာ သိပ္ပံ၊ ရူပသိပ္ပံနယ်ပယ်များတွင် ပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းကာလ လေးလမှ ခြောက်လအထိ ကြာမြင့်မည် ဖြစ်သည်။

၂၆။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အိန္ဒိယမှ ကူညီပေးလိုသည့်ဆန္ဒနှင့်အညီ အိန္ဒိယ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အပါအဝင် မြန်မာနိုင်ငံသို့ လက်ရှိ သင်တန်းသားဦးရေ (၂၅၀) ဦး ခွဲဝေပေးအပ်နေခြင်းအား နှစ်ဆတိုး၍ သင်တန်းသားဦးရေ (၅၀၀) ဦးသို့ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မှ ကြေညာခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ဤအစီအစဉ်အား ကြိုဆိုခဲ့သည်။

၂၇။ မြန်မာသံတမန်များကို အစည်းအဝေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ပေးအပ်ရန် ကမ်းလှမ်းခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် ရန်ကုန်မြို့၌ ဘာသာစကား သင်ကြားရေးအခန်းများ၊ အစည်းအဝေးခန်းမများနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်တည်ထောင်ပေးရန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ အင်တာနက်သုတေသနဌာန တည်ထောင်နိုင်ရေး အိန္ဒိယဘက်မှ ကူညီပံ့ပိုးပေးခြင်းများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၂၈။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဆန္ဒရှိကြောင်း နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြားခဲ့သည်။ အိန္ဒိယ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၁၀) သန်းဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား မြန်မာဘက်သို့ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းအတွက် နိုင်ငံတော်သမ္မတမှ အိန္ဒိယအစိုးရအား ကျေးဇူးတင်ရှိကြောင်းနှင့် ယင်းစက်ပစ္စည်းများကို မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ဖြန့်ဖြူးပြီးဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အသုံးပြုလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာနအား ရိုးရာဗဟုသုတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် ခေတ်မီနောက်ဆုံးပေါ် နည်းပညာများ အသုံးပြုသည့် (Centre for Excellence) အဖြစ် အိန္ဒိယ၏ ငွေကြေးနှင့် နည်းပညာ အကူအညီဖြင့် တည်ထောင်သွားရေး နှစ်နိုင်ငံခေါင်းဆောင်များမှ ဆုံးဖြတ်ခဲ့ကြသည်။ နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ခေတ်မီပညာပေးစပါးဇီဝဥယျာဉ် တည်ထောင်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့သည်။ ယင်းဌာန နှစ်ခုသည် မြန်မာ့လယ်ယာကဏ္ဍ၊ ပညာရေးနှင့် စီးပွားရေး အသိုက်အဝန်းအတွင်း နည်းပညာနှင့် သုတေသနဆိုင်ရာ အကူအညီများ ပေးအပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် နေပြည်တော်ရှိ စံပြစိုက်ခင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံနိုင်သည့် ခေတ်မီစပါးကျီတစ်ခု တည်ဆောက်ရန် အိန္ဒိယနိုင်ငံမှ ပံ့ပိုးကူညီမှုပေးသည့်အတွက် နိုင်ငံတော်သမ္မတမှ အိန္ဒိယဝန်ကြီးချုပ်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၂၉။ မြန်မာဘက်မှ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေး နည်းပညာဆိုင်ရာ သင်တန်းများ/ပညာသင်ဆုများ အိန္ဒိယဘက်မှ ကူညီစီစဉ်ပေးအပ်သွားရန်နှင့် အိန္ဒိယအစိုးရမှ ရှမ်းပြည်နယ်၌ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံ တစ်ရုံ တည်ထောင်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ အိန္ဒိယဘက်မှ မြန်မာဘက်၏ အဆိုပြုချက်ကို အလေးထားစဉ်းစားသွားရန် သဘောတူညီခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု

၃၀။ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုကို နှစ်ဆတိုးမြှင့်ရန် နှစ်ဖက်သဘောတူညီထားသည့်အလျောက် ကုန်သွယ်ရေးပိုမိုတိုးမြှင့်ရန် အသုံးမပြုရသေးသည့် အလားအလာကောင်းများစွာ တည်ရှိနေကြောင်း နှစ်နိုင်ငံ ခေါင်းဆောင်များက အလေးထားပြောကြားခဲ့ပြီး အဆိုပါအလားအလာကို စီးပွားရေးလုပ်ငန်းရှင်များ
မှ အသုံးချသွားရန် တိုက်တွန်းခဲ့သည်။ ဆိပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေး၊ ကုန်
များနှင့် သတင်းအချက်အလက်၊ ဆက်သွယ်
တွင် အိန္ဒိယကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ
မည်ဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ နှစ်နို
သည့် သတင်းအချက်အလက်နှင့် အကြံ
ဖလှယ်စေနိုင်မည့် နှစ်နိုင်ငံအကြား အသစ်
ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၏ အရေးပါမှုကို

၃၁။ နှစ်နိုင်ငံခေါင်းဆောင်များသည်
ဆောင်ရွက်မှုတွင် ရင်ဆိုင်တွေ့ကြုံရမည့်
ဖော်ထုတ်ဖယ်ရှားနိုင်စေရန် နှစ်ဖက်အစိုးရမ
ကတိပြုပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်စပ
အိန္ဒိယနိုင်ငံ United Bank ၏ ကိုယ်စားလှယ်
များကို အကျိုးပြုပြီး ဘဏ်လုပ်ငန်းကိ
ပထမခြေလှမ်းအဖြစ် ကြိုဆိုခဲ့ကြပါသည်။
ဆိုင်ရာ အခန်းကဏ္ဍတွင် သက်ဆိုင်ရာ
အိန္ဒိယနိုင်ငံမှ ဘဏ်များနှင့် စိုက်ပျိုးရေးဆိုင်
သင်တန်းပေးမည့် အဆိုပြုချက်များကို ကြိုဆိုခဲ့
တိုးမြှင့်နိုင်ရန် အလားအလာများစွာရှိသည်
အကြား ငွေကြေးဆိုင်ရာ အစီအစဉ်များနှင့်ပ
အိန္ဒိယနိုင်ငံ Reserve Bank တို့အကြား
စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွား
ခဲ့ကြသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံ Reser
ရပ်များတွင် အမြင်ချင်းဖလှယ်နိုင်ရန် ကြားခံ
မြန်မာနိုင်ငံ ဗဟိုဘဏ်နှင့် နားလည်မှုစာချွန်
နိုင်ငံ (State Bank of India) သို့မဟုတ် နှစ်
များနှင့် ဘဏ်လုပ်ငန်းအတွေ့အကြုံနှင့် နည
နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီ

၃၂။ နှစ်နိုင်ငံခေါင်းဆောင်များသည
အား နှစ်နိုင်ငံအကြား ကျင်းပပြုလုပ်သည့်
ပါဝင်ဆောင်ရွက်သွားကြရန်၊ လက်ရှိကုန်
မူဝါဒများနှင့် ပတ်သက်သည့် အချက်အလ
စီးပွားရေးဆိုင်ရာ အခမ်းအနားများမှတစ်ဆ
ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် နိုဝင်
ကြီးမှူးကျင်းပသည့် ပထမအကြိမ် အိန္ဒိယကု
ပြုလုပ်သွားရန် ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့သ

၃၃။ နှစ်နိုင်ငံ ခေါင်းဆောင်များသ
နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လိုအ
နယ်စပ်တစ်လျှောက် နယ်စပ်ဈေးများဖွင့်လှစ်
စာချွန်လွှာ လက်မှတ်ရေးထိုးရန် ဆုံးဖြတ်
နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်ကုန်သွ
ဆိုင်ရာ အခြေခံအဆောက်အအုံများအား
သည် ယင်းဒေသများတွင် နေထိုင်ကြသည့်
ဖောက်ကားမှုကို ပိုမိုလွယ်ကူချောမွေ့စေမည

၃၄။ နှစ်ဖက်ခေါင်းဆောင်များသည်
အတိုင်း တမူး-မိုရေးနှင့် ရိဒ်-ဇော်ခေါသာရှိ
ကုန်သွယ်ရေးအရာရှိများအကြား ပြုလုပ်သ
သွားနိုင်ရန်အတွက် နှစ်နိုင်ငံအကြားနယ်စ
ကြောင်း ညွှန်ကြားခဲ့ကြသည်။

လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်

၃၅။ နှစ်နိုင်ငံအကြား စွမ်းအင်လုံခြ
နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအ
အလေးထားပြောကြားခဲ့ကြသည်။ ယင်းကိစ္
တွင် မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံမှ ဂျူ
duction Sharing Contract လက်မှတ်ရေး
ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပ
ရှိကြောင်း၊ ကမ်းလှမ်းထားသည့် အသင့်တူး
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်
စီမံကိန်းများတွင် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီများ
တိုက်တွန်းခဲ့သည်။

၃၆။ မြန်မာနိုင်ငံတော်သမ္မတက
စီမံကိန်းများနှင့် ပတ်သက်၍ အိန္ဒိယနိုင်
များပြုစုလျက်ရှိခြင်းအပေါ် ကျေးဇူးတင်ရှိ
ဆောင်နှစ်ဦးတို့က နည်းပညာ၊ စီးပွား
ထည့်သွင်းစဉ်းစားလျက် အစီရင်ခံစာပါ အချ
စဉ်များကို အပြီးသတ်ဆောင်ရွက်ရန် လမ်း

MRTV-4 ရုပ်မြင်သံ

၂၉-၅-၂၀၁၂ (

၅း၄၀	“ကုသိုလ်ရအောင် ယူကြပါ” တရားတော်[အရှင်စန္ဒသာရ (ကျောင်းကုန်းဆရာတော်)]
၁၀း၂၅	Celebrity Style (ချောရတနာနှင့် သန္တာဗို)
၁၀း၄၅	ကမ္ဘာ့အစာအိမ်၊ အူလမ်းကြောင်း နှင့်အသည်းကျန်းမာရေးနေ့ အထိမ်းအမှတ်ကျန်းမာရေး ဆွေးနွေးပွဲ

မှ အသုံးချသွားရန် တိုက်တွန်းခဲ့သည်။ ဆိပ်ကမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ စသည့် ကဏ္ဍများတွင် အိန္ဒိယကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေး အထူးအားပေးသွားမည်ဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံခေါင်းဆောင်များက တိကျမှန်ကန်သည့် သတင်းအချက်အလက်နှင့် အကြံဉာဏ်များ အချိန်နှင့် တစ်ပြေးညီ ဖလှယ်စေနိုင်မည့် နှစ်နိုင်ငံအကြား အသစ်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၏ အရေးပါမှုကို အလေးထားပြောကြားခဲ့သည်။

၃၁။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ရင်ဆိုင်တွေ့ကြုံရမည့် အတားအဆီးအခက်အခဲများကို ဖော်ထုတ်ဖယ်ရှားနိုင်စေရန် နှစ်ဖက်အစိုးရများမှ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၌ ဖွင့်လှစ်မည့် အိန္ဒိယနိုင်ငံ United Bank ၏ ကိုယ်စားလှယ်ရုံးနှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများကို အကျိုးပြုပြီး ဘဏ်လုပ်ငန်းကိစ္စများကို လွယ်ကူချောမွေ့စေမည့် ပထမခြေလှမ်းအဖြစ် ကြိုဆိုခဲ့ကြပါသည်။ မြန်မာဘက်အနေဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍတွင် သက်ဆိုင်ရာ မြန်မာအစိုးရကိုယ်စားလှယ်များအား အိန္ဒိယနိုင်ငံမှ ဘဏ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ဘဏ်လုပ်ငန်းများတွင် လေ့ကျင့်သင်တန်းပေးမည့် အဆိုပြုချက်များကို ကြိုဆိုခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး တိုးမြှင့်နိုင်ရန် အလားအလာများစွာရှိသည့်အလျောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ငွေကြေးဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ Reserve Bank တို့အကြား မကြာမီကာလအတွင်း နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံ Reserve Bank သည် နှစ်ဖက်အကျိုးတူကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်နိုင်ရန် ကြားခံဌာနအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဗဟိုဘဏ်နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးသွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ (State Bank of India) သို့မဟုတ် နှစ်ဖက် သဘောတူညီသည့် အခြားဘဏ်များနှင့် ဘဏ်လုပ်ငန်းအတွေ့အကြုံနှင့် နည်းပညာများ မျှဝေဖလှယ်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၃၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအား နှစ်နိုင်ငံအကြား ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြရန်၊ လက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် ပတ်သက်သည့် အချက်အလက်များကို နှီးနှောဖလှယ်ပွဲများနှင့် စီးပွားရေးဆိုင်ရာ အခမ်းအနားများမှတစ်ဆင့် ဝေမျှသွားကြရန် တိုက်တွန်းခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် CII နှင့် UMFCCI တို့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် အိန္ဒိယကုမ္ပဏီများ၏ ပြပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့သည်။

၃၃။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နယ်စပ်ဒေသအနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် နယ်စပ်တစ်လျှောက် နယ်စပ်ဈေးများဖွင့်လှစ်ရန်နှင့် ယင်းကိစ္စအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်ကုန်သွယ်မှုစခန်းနေရာများ၌ ဘဏ်လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်သွားရန် ဆုံးဖြတ်ချက်သည် ယင်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအကြား ရောင်းဝယ်ဖောက်ကားမှုကို ပိုမိုလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း မှတ်သားခဲ့ကြသည်။

၃၄။ နှစ်ဖက်ခေါင်းဆောင်များသည် ယခင်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အတိုင်း တမူး-မိုရေးနှင့် ရိဒ်-ဇော်ခေါသာရှိစီးပွားရေးလုပ်ငန်းရှင်များနှင့် နယ်စပ်ကုန်သွယ်ရေးအရာရှိများအကြား ပြုလုပ်သည့် အစည်းအဝေးများကို ပုံမှန်ပြုလုပ်သွားနိုင်ရန်အတွက် နှစ်နိုင်ငံအကြားနယ်စပ်ကုန်သွယ်ရေးကော်မတီဖွဲ့စည်းသင့်ကြောင်း ညွှန်ကြားခဲ့ကြသည်။

လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်

၃၅။ နှစ်နိုင်ငံအကြား စွမ်းအင်လုံခြုံမှုကဏ္ဍ တိုးမြှင့်နိုင်ရန်အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ခေါင်းဆောင်နှစ်ဦးတို့က အလေးထားပြောကြားခဲ့ကြသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံမှ ဂျူဘီလင့်စွမ်းအင်ကုမ္ပဏီတို့အကြား Production Sharing Contract လက်မှတ်ရေးထိုးရန်ကိစ္စကို ကြိုဆိုခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလားအလာကောင်းများရှိကြောင်း၊ ကမ်းလှမ်းထားသည့် အသင့်တူးဖော်နိုင်မည့် လုပ်ကွက်များအပါအဝင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ရေနံစက်မှုကဏ္ဍ၏ မြစ်အောက်ပိုင်းစီမံကိန်းများတွင် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အားပေးတိုက်တွန်းခဲ့သည်။

၃၆။ မြန်မာနိုင်ငံတော်သမ္မတက ထမံသီနှင့် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံမှ စီမံကိန်းအသေးစိတ်အစီရင်ခံစာများပြုစုလျက်ရှိခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့က နည်းပညာ၊ စီးပွားရေးနှင့် လူမှုဝန်းကျင်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားလျက် အစီရင်ခံစာပါ အချက်အလက်များနှင့် အနာဂတ်လုပ်ငန်းစဉ်များကို အပြီးသတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ယဉ်ကျေးမှုနှင့် ပြည်သူများအချင်းချင်း အပြန်အလှန်လည်ပတ်ရေး

၃၇။ နှစ်နိုင်ငံခေါင်းဆောင်များသည် အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံပြည်သူများအကြား နီးကပ်သည့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုကဏ္ဍ၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ကြပြီး နှစ်နိုင်ငံအကြား ၂၀၁၂-၂၀၁၅ ခုနှစ်အတွက် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်လက်မှတ်ရေးထိုးရန်ကိစ္စအပေါ် ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ခဲ့ကြသည်။ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများအကြား ယဉ်ကျေးမှုဖလှယ်ရေးကို တိုးမြှင့်စေနိုင်မည်ဖြစ်ကြောင်း မှတ်သားခဲ့သည်။

၃၈။ ထို့ပြင် ယဉ်ကျေးမှုရေးရာအိန္ဒိယကောင်စီ၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာနနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ International Conference on Buddhist Heritage ကျင်းပရန် ပြင်ဆင်နေမှုများကိုလည်း ကြိုဆိုခဲ့ကြသည်။

၃၉။ ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်း ကိန်းဝပ်အပူဇော်ခံမည့် ဉာဏ်တော် (၁၆)ပေအမြင့်ရှိ ဓမ္မစကြာမုဒြာ သဲကျောက် ဗုဒ္ဓဆင်းတုတော်တစ်ဆူအား ယခုနှစ်အတွင်းလှူဒါန်းရန် အိန္ဒိယဘက်မှ ဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံက ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်က ၎င်း၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ယင်းဆင်းတုတော်နှင့် ပုံစံတူဆင်းတုတော်ငယ်တစ်ဆူကို ပူဇော်ခံရန် ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာပြည်သူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ ဘုရားဖူးခရီးစဉ်များ လာရောက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးခြင်းအတွက်လည်း မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

၄၀။ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန တိုင်းတာရေးအဖွဲ့မှ မြန်မာနိုင်ငံ ပုဂံမြို့ရှိ အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား လာမည့်(၂)နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်မှုအပေါ် ခေါင်းဆောင်နှစ်ဦးတို့က ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

၄၁။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ရှိ တတ်သိပညာရှင်များနှင့် ပညာရေးအဖွဲ့အစည်းများအကြား အဆက်အသွယ်များ ဖွဲ့စည်းထူထောင်ခြင်းအပေါ် ခေါင်းဆောင်နှစ်ဦးတို့က ကြိုဆိုခဲ့ကြပြီး နှစ်ဖက်သုတေသီ ပညာရှင်များအား နှစ်နိုင်ငံတွင် ကျင်းပသည့် ပညာရေးဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး အမြင်ချင်းဖလှယ်ကြရန် တိုက်တွန်းခဲ့ကြသည်။

၄၂။ အိန္ဒိယ၏ နည်းပညာအကူအညီဖြင့် မြန်မာနိုင်ငံ၌ တည်ထောင်မည့် ကျောင်းအတွက် အိန္ဒိယအစိုးရမှ ထောက်ပံ့မှုများပေးသွားရန် အိန္ဒိယဝန်ကြီးချုပ်မှ ကြေညာခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကြိုဆိုခဲ့သည်။

ဒေသတွင်းနှင့် နိုင်ငံတကာကဏ္ဍ

၄၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ အကျိုးရှိမည့် နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

၄၄။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးထားပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်မှ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်သွားနိုင်စေရန် ဆုမွန်ကောင်းတောင်းခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် လာမည့်ဘင်းမ်စတက် ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားလိုကြောင်း အဆိုပြုခဲ့သည်။ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် ၂၀၁၄ ခုနှစ်၌ အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်နိုင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက မျှော်လင့်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် အာဆီယံ ပေါင်းစည်းရေးအစီအစဉ် [Initiative for ASEAN Integration (IAI)]အောက်မှ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မှ ထပ်လောင်းပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် မကြာမီ ကျင်းပသွားမည့် အာဆီယံ-အိန္ဒိယ အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်သည့် လုပ်ဆောင်ဖွယ်ရာများကို နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

၄၅။ အိန္ဒိယဝန်ကြီးချုပ်မှ ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း နွေးထွေးလှိုက်လှဲစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၄၆။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအား အိန္ဒိယနိုင်ငံသို့ နှစ်ဖက် အဆင်ပြေမည့်နေ့ရက်များတွင် ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားခဲ့သည်။ ခရီးစဉ်နေ့ရက်ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ဖိတ်ကြားချက်ကို လက်ခံခဲ့သည်။

နေပြည်တော်
၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Delegates Listening Room 2)၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ စီးပွားရေးဆိုင်ရာ အမြင်ချင်းဖလှယ်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Delegates Listening Room 2)၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရန် ကိစ္စရပ်များအပေါ် ကဏ္ဍရပ်အလိုက် ရင်းရင်းနှီးနှီးအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri၊ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးကဏ္ဍပေါင်းစုံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆွေးနွေးပွဲသို့ တက်ရောက် လေ့လာကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အိန္ဒိယလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့မှ ဥက္ကဋ္ဌနှင့် (Confederation of Indian Industry) (CII) အမှုဆောင်အရာရှိချုပ် Mr. Sunil Bharti Mittal နှင့် FICCI မှ မန်နေဂျင်းဒါရိုက်တာ Mr. Rajya Vardhan Kanoria တို့က နှုတ်ခွန်းဆက်စကား အသီးသီးပြန်လည်ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ၊ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံအတွင်း ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ လယ်ယာကဏ္ဍ စသည့်ကဏ္ဍမျိုးစုံတွင် လုပ်ငန်းအခွင့်အလမ်း ဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဘဏ်လုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုလုပ်ငန်း၊ အခြေခံ အဆောက်အအုံများ စသည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် (Confederation of Indian Industry) (CII) အမှုဆောင်အရာရှိချုပ် Mr. Sunil Bharti Mittal နှင့် FICCI မှ မန်နေဂျင်းဒါရိုက်တာ Mr. Rajya Vardhan Kanoria တို့က ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးသုံးသပ်ချက်များကို အသီးသီးဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအကြား စက်မှုနှင့်စွမ်းအင်ကဏ္ဍတို့၌ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူညီမှုစာချွန်လွှာသုံးရပ်အား တာဝန်ရှိသူများက ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့ရှေ့မှောက်တွင် အပြန်အလှန်လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

မွန်းလွဲပိုင်းတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအကြား စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့၌ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် သဘောတူညီမှု စာချွန်လွှာသုံးရပ်အားတာဝန်ရှိသူများ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၅-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"ကုသိုလ်ရအောင် ယူကြပါ" တရားတော်[အရှင်စန္ဒသာရ (ကျောင်းကုန်းဆရာတော်)]
၁၀း၂၅	Celebrity Style (ချောရတနာနှင့် သန္တာဗို)
၁၀း၄၅	ကမ္ဘာ့အစားအိမ်၊ အူလမ်းကြောင်း နှင့်အသည်းကျန်းမာရေးနေ့ အထိမ်းအမှတ်ကျန်းမာရေး ဆွေးနွေးပွဲ
၆း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃၇)**
၇း၃၀	ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၁၈)နှစ်ပြည့်အခမ်းအနားများ] (အပိုင်း-၃)
၈း၃၀	**မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign of Love (အချစ်သင်္ကေတ)(အပိုင်း-၁၀)
၈း၅၅	တက်ကြွကျန်းမာအသက်ရှည်ပါ (ပါမောက္ခဒေါက်တာမြင့်ဟန်၊ အကယ်ဒမီချိုပြုံး၊ နန်းဆုရတီစိုး)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၅၁)**
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၂၃)**
၄း၁၅	ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ(အပိုင်း-၁)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ထိုင်းနိုင်ငံအခြေစိုက် The City Hotel Sriracha မှ President, Ms. Bundarik Kusolvitya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အောက်ပုံ)** မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများတွင် စိတ်ဝင်တစားဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုကြောင်း၊ ဟိုတယ်များလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များကို သိရှိလိုကြောင်းနှင့် အခြားသိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများ၊ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေမှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မန္တလေးတိုင်းဒေသကြီးရှိ ဥပဒေအရာရှိများအား တွေ့ဆုံ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ယမန်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ် ဥပဒေရုံး အစည်းအဝေးခန်းမ၌ ညောင်ဦးနှင့် မြင်းခြံခရိုင်တို့ရှိ ဥပဒေအရာရှိများနှင့်လည်းကောင်း၊ မိတ္ထီလာမြို့နယ် သီးကုန်းရိပ်သာခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့်လည်းကောင်း တွေ့ဆုံ၍ ပြောင်းလဲလာသော ခေတ်စနစ်အရ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် မှာကြားပြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်မောင်တို့က ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ ခရီးစဉ်တွင် ပြည်ထောင်စုရှေ့နေချုပ်သည် ညောင်ဦးခရိုင် ဥပဒေရုံး၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ် ဥပဒေရုံးများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



မဟာပျက်သုဉ်းမှုဖြစ်စဉ်အပြီး သက်ရှိများပြန်လည်ရှင်သန်ရေး နှစ် ၁၀ သန်းမျှ အချိန်ယူခဲ့ရ

နယူးယောက် မေ ၂၈

လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၅၀ ခန့်က ကမ္ဘာပေါ်ရှိ သက်ရှိမျိုးစိတ် ၉၀ ရာခိုင်နှုန်းကျော် ကွယ်ပျောက်ခဲ့ရသည့် မဟာပျက်သုဉ်းမှုဖြစ်စဉ်၏ အရင်းခံသည် မည်သည့်အကြောင်းတရားကြောင့်ဖြစ်စေ သက်ရှိများနောက်တစ်ဖန် ရှင်သန်ရေးအတွက် နှစ် ၁၀ သန်းမျှ အချိန်ယူခဲ့ရကြောင်း သိပ္ပံပညာရှင်များက မေ ၂၇ ရက်တွင် ပြောကြားသည်။

မဟာပျက်သုဉ်းမှုဖြစ်စဉ် (Great Dying) ဖြစ်ပေါ်ပြီးနောက် သက်ရှိမျိုးစိတ်များသည် ပြန်လည်ရှင်သန်ခွင့်ရရန် ရုန်းကန်ခဲ့သော်လည်း ဝန်းကျင်အခြေအနေ ဆက်တိုက်ပြောင်းလဲနေမှုများကြောင့် အခါခါကျဆုံးခဲ့ရကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

မဟာပျက်သုဉ်းမှုဖြစ်စဉ် အလွန်ကာလများတွင် ကမ္ဘာပေါ်၌ ကာဗွန်ဓာတ်ငွေ့စုဝေးမှု ပြဿနာများ မကြာခဏဖြစ်ပေါ်ခဲ့ပြီး နောင်နှစ်ငါးသန်း သို့မဟုတ် ယင်းထက်ပိုလွန်သော ကာလနောက်ပိုင်းမှသာ ပုံမှန်အခြေအနေရောက်ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

မဟာပျက်သုဉ်းမှုဖြစ်စဉ်ကြောင့် ကမ္ဘာပေါ်ရှိ ရေနေသတ္တဝါမျိုးစိတ် ၉၆ ရာခိုင်နှုန်း၊ ကုန်းနေသတ္တဝါမျိုးစိတ် ၇၀ ရာခိုင်နှုန်းနှင့် အင်းဆက်မျိုးစိတ်အတော်များများ ကွယ်ပျောက်ခဲ့ရသည်။

ယင်းဖြစ်စဉ်ပေါ်ပေါက်ရခြင်း၏ အကြောင်းရင်းမှန်အား သိပ္ပံပညာရှင်များအနေဖြင့် တိတိပပ ခွဲခြားသိမြင်နိုင်သေးခြင်းမရှိပေ။

မဟာပျက်သုဉ်းမှုဖြစ်စဉ်ကို အပျက်သဘောဆောင်သောဖြစ်ရပ်အဖြစ် ရှုမြင်တတ်ကြကြောင်း၊ သို့ရာတွင် ယင်းဖြစ်စဉ်ပေါ်ပေါက်ပြီး နှစ်သန်းပေါင်းများစွာအကြာတွင် သက်ရှိများပြန်လည်ရှင်သန်လာကာ မျိုးစိတ်သစ်များ ပေါ်ထွက်လာခြင်းကြောင့် ဆင့်ကဲဖြစ်စဉ်ပြန်လည် တည်ဆောက်မှု (Re-set evolution)အဖြစ် မှတ်ယူနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။**အင်တာနက်။**

ဆီးရီးယားလူသတ်ပွဲသတင်းကို အီရတ်စစ်ပွဲဓာတ်ပုံနှင့်တွဲ၍ ဘီဘီစီသတင်းဌာန အသုံးပြုမိ

လန်ဒန် မေ ၂၈

မေ ၂၅ ရက်နှင့် ၂၆ ရက်များတွင် ဖြစ်ပွားခဲ့သော ဆီးရီးယားလူသတ်ပွဲနှင့် ပတ်သက်၍ သတင်းရေးသားတင်ပြရာ၌ ၂၀၀၃ ခုနှစ် အီရတ်စစ်မြေပြင်မှ ရိုက်ကူးရယူထားသည့် ဓာတ်ပုံတစ်ပုံ**(အပေါ်ပုံ)**ကို အသုံးပြုမိခဲ့ခြင်းကြောင့် ဗြိတိန်အခြေစိုက် ဘီဘီစီသတင်းဌာနမှာ ဝေဖန်မှုများခံခဲ့ရကြောင်း မေ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆီးရီးယားလူသတ်ပွဲသတင်းနှင့် ယှဉ်တွဲ၍ ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့သောဓာတ်ပုံကို ၂၀၀၃ ခုနှစ်မေ ၂၇ ရက်တွင် ရိုက်ကူးထားခြင်းဖြစ်ပြီး ဘဂ္ဂဒက်မြို့တောင်ဘက် သဲကန္တာရအတွင်း တွေ့ရှိရသည့် လူ့ရုပ်ကြွင်းများအား ထည့်သွင်းထားသော အိတ်များပေါ်မှ အီရတ်ကလေးငယ်တစ်ဦး ခုန်ပေါက်ပြေးလွှားနေသည့် ပုံဖြစ်သည်။

ယင်းဓာတ်ပုံကို ဆီးရီးယားလူသတ်ပွဲသတင်းနှင့် ယှဉ်တွဲ၍ ဘီဘီစီ သတင်းဝက်ဘ်ဆိုက်တွင် မေ ၂၇ ရက်က ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါဓာတ်ပုံကို လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးထံမှ ရရှိခြင်းဖြစ်ပြီး ဆီးရီးယားနိုင်ငံ ဟူလာမြို့၌ သတ်ဖြတ်ခံခဲ့ရသော ကလေးများ၏ ရုပ်အလောင်းများအဖြစ် ယုံကြည်ရကြောင်း ဓာတ်ပုံ ပုံစာတွင် ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြထားသည်။

ဘီဘီစီကဲ့သို့ သတင်းဌာနကြီးတစ်ခုက ဓာတ်ပုံ၏ အရင်းအမြစ်ကို စစ်ဆေးခြင်းမရှိဘဲ ဖော်ပြခြင်းကြောင့် မိမိအနေဖြင့် အံ့ဩမိကြောင်း ယင်းဓာတ်ပုံအား ရိုက်ကူးခဲ့သူ မာကိုဒီလော်ရို အမည်ရှိ ဓာတ်ပုံဆရာက ပြောကြားခဲ့သည်။

သို့ရာတွင် မှန်ကန်မှုရှိ၊ မရှိ လွတ်လွတ်ကင်းကင်း အတည်မပြုနိုင်ကြောင်း အသိပေးပြီးမှသာ ယင်းဓာတ်ပုံအား အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ ဟူလာမြို့ လူသတ်ပွဲ၌ ကလေးများအပါအဝင် လူပေါင်း ၁၀၈ ဦးမျှ သေဆုံးခဲ့ရာ ယင်းဖြစ်ရပ်ကို နိုင်ငံတကာအသိုက်အဝန်းက ပြင်းထန်စွာ ရှုတ်ချခဲ့သည်။

အင်တာနက်။

ဟော်မုဇ်ရေလက်ကြားကိုရှောင်လွှဲထားသော ရေနံပိုက်လိုင်း ငွေလအတွင်း ဖွင့်လှစ်နိုင်ရန် ယူအေအီးစီစဉ်ထား

ဖူဂျီရာ မေ ၂၈

အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုအောက်ရောက်နေသော ဟော်မုဇ်ရေလက်ကြားအား ရှောင်လွှဲ၍ ရေနံတင်ပို့နိုင်ရန် တည်ဆောက်လျက်ရှိသည့် ရေနံပိုက်လိုင်းကို လာမည့် ဇွန်လအတွင်း စတင်အသုံးပြုမည်ဖြစ်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တာဝန်ရှိသူတစ်ဦးက မေ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အရှည် ၃၆၀ ကီလိုမီတာ (၂၂၅ မိုင်)ရှိသော အဆိုပါ ရေနံပိုက်လိုင်းကို ၂၀၀၈ ခုနှစ်တွင် ယူအေအီးနိုင်ငံက စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယူအေအီးနိုင်ငံ၏ ရေနံထုတ်လုပ်မှုပမာဏသည် လက်ရှိအချိန်၌ တစ်ရက်လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်းရှိပြီး ယင်းပိုက်လိုင်းအား အသုံးပြု၍ နေ့စဉ် ရေနံစိမ်းစည် ၁ ဒသမ ၅ သန်းမှ ၁ ဒသမ ၈ သန်းအထိ ပေးပို့နိုင်မည်ဖြစ်သည်။

ဟက်ဘ်ရှန်-ဖူဂျီရာအမည်ရှိ ရေနံပိုက်လိုင်းသည် ပင်လယ်ကွေ့ဒေသရှိ အဘူဒါဘီမြို့မှ ရေနံများအား အိုမန်ပင်လယ်ကွေ့ရှိ ဖူဂျီရာမြို့သို့ ပေးပို့မည်ဖြစ်သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုကို စော်ဘွားမြို့ ခုနစ်မြို့ဖြင့် ဖွဲ့စည်းထားရာ အဘူဒါဘီအပါအဝင် အခြားခြောက်မြို့မှာ ပင်လယ်ကွေ့ဒေသ၌ တည်ရှိပြီး ဖူဂျီရာမြို့ တစ်မြို့တည်းသာ ဟော်မုဇ်ရေလက်ကြားနှင့် လွတ်ကင်းသော အိုမန်ပင်လယ်ကွေ့၌ တည်ရှိသည်။

အငြင်းပွားဖွယ်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အနောက်နိုင်ငံများ၏ ဖိအားပေးမှုအား တုံ့ပြန်သည့်အနေဖြင့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း အီရန်က မကြာသေးမီကာလများအတွင်း ခြိမ်းခြောက်ခဲ့သည်။

ကမ္ဘာ့ဈေးကွက်သို့ ရေနံတင်ပို့ရေးအတွက် အီရန်နှင့် ယူအေအီးအပြင် အခြားရေနံထုတ်နိုင်ငံများဖြစ်သော ဘာရိန်း၊ ကူဝိတ်နှင့် ကာတာနိုင်ငံတို့သည်လည်း ဟော်မုဇ်ရေလက်ကြားကို အဓိကထား သုံးစွဲကြရသည်။ **အင်တာနက်။**

အာဖဂန်လေတပ်အတွက် အမေရိကန်ပြည်ထောင်စုက ပေးအပ်ထားသော စီ-၂၇ ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း။

လေတပ်ဖွဲ့စည်းရေးကြန့်ကြာမှု အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန စိုးရိမ်နေ

ကဘူး မေ ၂၈

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တပ်ဖွဲ့များ သတ်မှတ်ထားသည့်ကာလ၌ မရုပ်သိမ်းမီ အာဖဂန်လေတပ် ဖွဲ့စည်းတည်ဆောက်မှု ကြန့်ကြာနေရခြင်းနှင့် ပတ်သက်၍ အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ရတက်မအေးဖြစ်နေကြောင်း အာဖဂန်နစ္စတန်အစိုးရက မေ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အာဖဂန်လေတပ်၌ အမေရိကန်ပြည်ထောင်စုက ပေးအပ်ထားသော သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်ဒါဇင်ကျော်ကျော်ရှိသော်လည်း သက်တမ်းအိုမင်းမှု၊ အပိုပစ္စည်းကင်းမဲ့မှုနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိဘဲ ရပ်နားထားရကြောင်း အာဖဂန်သမ္မတရုံး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်၌ နေတိုးတပ်ဖွဲ့၏ လေကြောင်းထောက်ပို့ လုပ်ငန်းအများစု အဆုံးသတ်မည်ဖြစ်ရာ ယင်းကာလမတိုင်မီ အာဖဂန်လေတပ်ကို ဖွဲ့စည်းတည်ဆောက်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ကူညီလျက်ရှိသည်။

အာဖဂန်စစ်ပွဲမှ ရုန်းထွက်ရေးမဟာဗျူဟာအရ ၂၀၁၄ ခုနှစ်တွင် နေတိုးတပ်ဖွဲ့ဝင် ၁၃၀၀၀၀ တို့ကို အာဖဂန်စစ်မြေပြင်မှ ရုပ်သိမ်းမည်ဖြစ်ရာ လေကြောင်းထောက်ပို့ လုပ်ငန်းများလည်း အဆုံးသတ်မည်ဖြစ်သည်။

အာဖဂန်စစ်ဘက်အား အထောက်အကူပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ရန် ရရှိထားသော အီတလီနိုင်ငံလုပ် စီ-၂၇ ထောက်ပံ့ရေးလေယာဉ် ၁၅ စင်းမှာ လွန်ခဲ့သည့် နှစ်နှစ်ကပင် ရပ်နားနေခဲ့ရကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တာလီဘန်သောင်းကျန်းမှု ဆန့်ကျင်ရေးစစ်ပွဲအတွင်း တိုက်ခိုက်ရေးလေယာဉ်များကို မရှိမဖြစ်အသုံးပြုနေရသကဲ့သို့ လမ်းကွန်ရက်များ ဖွံ့ဖြိုးမှုမရှိခြင်းနှင့် သူပုန်အန္တရာယ်ကြောင့် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍများမှာလည်း အာဖဂန်နစ္စတန်နိုင်ငံအတွက် အရေးပါသည်။ **အင်တာနက်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း ပုံမှန်ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရမှုရှိ
အိန္ဒိယနိုင်ငံက ကလေးဝ-ယာကြီးလမ်းပိုင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံက ယာကြီး-မုံရွာလမ်းပိုင်းကိုလည်းကောင်း
၂၀၁၆ ခုနှစ်မတိုင်မီ အဝေးပြေးလမ်းမကြီးအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းသည် ၂၀၁၂ ခုနှစ် မေလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လျက်ရှိသည်။ အိန္ဒိယဝန်ကြီးချုပ်နှင့်အတူ ဇနီး ရှရီမာတီ ဂူရှာရန်ခါလည်း အတူလိုက်ပါခဲ့သည်။

၂။ အိန္ဒိယဝန်ကြီးချုပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ နေပြည်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၃။ အိန္ဒိယဝန်ကြီးချုပ်၏ ယခု ချစ်ကြည်ရေးခရီးစဉ်သည် နှစ်ပေါင်း (၂၅)နှစ်အတွင်း အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ ပထမဦးဆုံး မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းဝင်ချစ်ကြည်ရေးခရီးဖြစ်သည်။

၄။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်ဦးချင်း သီးခြားတွေ့ဆုံခဲ့ပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သည့် နှစ်နိုင်ငံ တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပကာ နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများကို မြန်မာ-အိန္ဒိယ အိမ်နီးချင်းနှစ်နိုင်ငံနှင့် ပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်စေလျက် အပြန်အလှန် နွေးထွေးရင်းနှီးစွာ အပြုသဘောဆောင် ဆွေးနွေးခဲ့ကြသည်။

၅။ နှစ်နိုင်ငံ တရားဝင် တွေ့ဆုံဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဘက်မှ အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်အတူ ပြည်ပရေးရာဝန်ကြီး ရှရီအက်စ်အမ်ကရစ်ရှနာ၊ အမျိုးသားလုံခြုံရေးအကြံပေး ရှရီအက်စ်မီနွန်၊ ဝန်ကြီးချုပ်၏ အတွင်းဝန် ရှရီပူလော့ချက်တာဂျီ၊ နိုင်ငံခြားရေးအတွင်းဝန် ရှရီရန်ဂျန်မထိုင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဒေါက်တာဗီလာဆန်ဒါရာရာဂျန်ရှ ရှေဒရီနှင့် အဆင့်မြင့်အစိုးရအရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

၆။ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အခြား ပြည်ထောင်စုဝန်ကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇင်ယော်နှင့် အဆင့်မြင့်အစိုးရအရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

၇။ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် အထူးအောင်မြင်သော တရားဝင်ချစ်ကြည်ရေးခရီးစဉ် နောက်ပိုင်း နှစ်နိုင်ငံအကြား ဖြစ်ပေါ်တိုးတက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ခဲ့သည်။ နှစ်ဖက်စလုံးမှ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသည့် နှစ်နိုင်ငံအကြား တရားဝင်အလည်အပတ်ခရီးစဉ်များ၊ တိုးတက်လာသည့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံနေမှုများအပေါ်တွင် နှစ်နိုင်ငံခေါင်းဆောင်များက ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၈။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာများ၌ နှစ်နိုင်ငံအကျိုးစီးပွားအတွက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အပေါ် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ရေး၊ ထိတွေ့ဆက်ဆံရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ အပြန်အလှန်ချစ်ကြည်ရေးအစီအစဉ်များ တိုးမြှင့်ပြုလုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် သက်ဆိုင်ရာနိုင်ငံများမှ ပြည်သူများ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်းနှင့် နှစ်နိုင်ငံ ပြည်သူများ အကျိုးအတွက် နှစ်နိုင်ငံ၏ အရင်းအမြစ်များကို ထိရောက်စွာ အတူတကွ ပူးပေါင်းအသုံးပြုသွားရန် လိုအပ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အလေးထား ပြောကြားခဲ့သည်။

၉။ အိန္ဒိယဝန်ကြီးချုပ်က မြန်မာအစိုးရ၏ ဒီမိုကရေစီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ ထင်ရှားသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳